# မြကြေးမုံ
**The Mirror**

၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်၊ သောကြာနေ့၊ (10-10-2008) (၅၅၇)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာသော

## နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား ကြိုဆိုနှုတ်ဆက်



နေပြည်တော် အောက်တိုဘာ ၉

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့အကြံပေးအရာရှိချုပ် ဒေါက်တာဖာ့ခ်ရူဒင်အာမက်၏ ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ယနေ့ ညနေ ၄ နာရီ မိနစ် ၅၀ တွင် အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ***

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေး ခရီးမှ ပြန်လည်ရောက်ရှိလာသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။**
(သတင်းစဉ်)

**အတည်ပြုချိန် ၃း၁၀**

ကြေးမုံ The Mirror
၁၀-၁၀-၂၀၀၈
(သောကြာနေ့)

# သစ်တော သစ်ပင် သဘာဝပတ်ဝန်းကျင် ပြည်သူအားလုံး ဝိုင်းဝန်းထိန်းသိမ်းပါဝင်

လူသားများအပါအဝင် သက်ရှိအားလုံး၏ ပတ်ဝန်းကျင်တွင် လေထု၊ ရေထု၊ မြေထု၊ သစ်ပင် တောတောင် သဘာဝ သယံဇာတ ပစ္စည်းများ ဝန်းရံနေသည်။ ကမ္ဘာ့လူသားအားလုံး ဖူလုံပြည့်စုံစွာ စားသောက်နေထိုင်နိုင်ရေး၊ သက်ရှိအားလုံး ဆက်လက်ရှင်သန်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင် ကောင်းမွန်မှုရှိနေရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ လေထုပူနွေးလာမှုနှင့်အတူ ရာသီဥတုပြောင်းလဲလာလျက်ရှိသည်။ အာတိတ်သမုဒ္ဒရာအတွင်းရှိ ရေခဲပြင်များသည်ပင် အရည်ပျော်ပျောက်ကွယ်ခြင်း ပိုမိုများပြားလာနေကြောင်း သိပ္ပံပညာရှင်များက ပြောကြားကြသည်။ ကမ္ဘာ့နေရာဒေသ အနှံ့အပြားတွင် မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အပူလှိုင်းကျရောက်ခြင်း၊ ဆီးနှင်းထူထပ်စွာကျရောက်ခြင်း စသည့် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှုများ ဖြစ်ပေါ်နေသည်ကို တွေ့မြင်ကြားသိနေရသည်။

ကမ္ဘာကြီးပူနွေးလာမှု၏ ၉၀ ရာခိုင်နှုန်းသည် လူသားတို့၏ လုပ်ဆောင်မှုကြောင့်ဖြစ်သည်ဟု ပညာရှင်များက သုံးသပ်ကြသည်။ ၁၉၉၀ ပြည့်နှစ်မှစ၍ ကမ္ဘာ့အပူချိန်မြင့်မားလာပြီး ၂၀၀၈ ခုနှစ်သည် အပူဆုံးနှစ်ဖြစ်ကြောင်း ကမ္ဘာ့မိုးလေဝသနှင့် အပူချိန်မှတ်တမ်းများအရ သိရသည်။

ယင်းသို့သော အကြောင်းတရားများကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ယိုယွင်းပျက်စီးမှုများ မရှိစေရေးအတွက် ကမ္ဘာ့နိုင်ငံတိုင်းက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် အလေးထားဆောင်ရွက်နေကြပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ရေ၊ မြေ၊ သစ်တော သဘာဝသယံဇာတ အရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းလျက်ရှိသည်။ ကြိုးဝိုင်းတောများ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝနယ်မြေများကို သစ်တောဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေသည်။ သစ်တောရေးရာဝန်ကြီးဌာနနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဒေသအလိုက် ကျေးရွာသုံး ထင်းစိုက်ခင်းများ၊ ရေဝေရေလဲ သစ်တောများ၊ ကျွန်းအထူးစိုက်ခင်းများကို တိုးချဲ့ထူထောင် စိုက်ပျိုးလျက်ရှိသည်။

ကျွန်း၊ ပျဉ်းကတိုးအပါအဝင် သစ်တောသစ်ပင်များသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အားထားရသကဲ့သို့ ဒေသစိမ်းလန်းစိုပြည်ရေးကိုပါ အကျိုးပြုလျက်ရှိရာ သစ်တောသစ်ပင်များ စိုက်ပျိုးထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ တောရိုင်းတိရစ္ဆာန်များနှင့် ရှားပါးသစ်ပင်ပန်းမန်များ ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို နိုင်ငံတော်က အစဉ်တစိုက်ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

သို့ဖြစ်၍လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ မြေပြင်ညစ်ညမ်းမှု၊ သစ်တောပြုန်းတီးမှု စသည်တို့ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ယိုယွင်းမှုများမဖြစ်ပေါ်စေရေးအတွက် ပြည်သူအားလုံးက နိုင်ငံတော်အစိုးရ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပါဝင် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်ပါသည်။ ။

# Siemens Stream LAB Total Laboratory Automation System နှင့် စပ်လျဉ်း၍ သဘောတူလက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၉**

အသည်းနှင့်အစာအိမ်လမ်းကြောင်း အထူးကုစင်တာ၌ တပ်ဆင်မည့် Siemens Stream LAB Total Laboratory Automation System နှင့်စပ်လျဉ်း၍ Lion Myanmar International Co,Ltd. နှင့် ရန်ကုန် အသည်းနှင့် အစာအိမ်လမ်းကြောင်း အထူးကုစင်တာ (လမ်း-၃၀ အထူးကုဆေးခန်း)တို့ ၏ သဘောတူလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ Lion Myanmar International Co.,Ltd. ဒါရိုက်တာ ဦးနေမင်းမျိုးသိန်းနှင့် CEO, South Asia, Siemens Health Care Diagnostics,Mr. George Chan တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် Siemens Stream LAB Total Laboratory Automation System အကြောင်းကို ရှင်းလင်းပြသပြီး သဘောတူလက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ အခမ်းအနား တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

ရန်ကုန်အသည်းနှင့်အစာအိမ်လမ်းကြောင်း အထူးကုစင်တာ(လမ်း ၃၀ အထူးကု ဆေးခန်း) သည် Fully Automated ClinicaL Laboratory စနစ်ကို မြန်မာနိုင်ငံ၌ ပထမဦးဆုံး တပ်ဆင်အသုံးပြုခြင်းဖြစ်သည်။ ဤစနစ်အရ သွေးနမူနာရယူခြင်းမှသည် အဖြေထုတ်ပြီးသည်အထိ လူနှင့်တွေ့ထိခြင်း အနည်းဆုံးဖြစ်ပြီး အဖြေများကို အလိုအလျောက်နည်းစနစ်ဖြင့် တိကျမှန်ကန်စွာ စွမ်းဆောင်ပေးနိုင်ကြောင်း သိရှိရသည်။

Lion Myanmar International Co.,Ltd. သည် မြန်မာနိုင်ငံ ဓာတ်ခွဲခန်း ရောဂါရှာဖွေရေးဆိုင်ရာ ပစ္စည်းများကို အဓိကဖြန့်ချိပေးလျက်ရှိသော ကုမ္ပဏီဖြစ်ပြီး Siemens Health Diagnostics Co.,Ltd. ၏ မြန်မာနိုင်ငံတစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သည်။

ရန်ကုန်အသည်းနှင့် အစာအိမ်လမ်းကြောင်း အထူးကုစင်တာ (လမ်း-၃၀ အထူးကုဆေးခန်း) သည် ၁၉၉၉ခုနှစ်မှစပြီး အသည်းနှင့်အစာအိမ်ရောဂါများကို အဆင့်မီဓာတ်ခွဲခန်းပစ္စည်း၊ ကျွမ်းကျင်ပညာရှင်များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)






ပြည်သူ့သဘောထား
✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။





# ရေး-ပင မီးရထားလမ်းတစ်လျှောက် ဒေသဖွံ့ဖြိုးမှု ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၉

**မွန်ပြည်နယ် ရေးမြို့နယ်၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် ရေးမြို့နယ် ကျောင်းရွာကျေးရွာ တိုက်နယ်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံဆေးပဒေသာပင် အလှူငွေကို ဆေးရုံအုပ် ဒေါက်တာအောင်ကျော်သန်းထံ လှူဒါန်းသည်။**

ထို့နောက် ကျောင်းရွာကျေးရွာရှိ ဓမ္မရက္ခိတစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တခန္တီထံ ဗိုလ်ချုပ်သာအေးနှင့် တိုင်းမှူးတို့က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ဗိုလ်ချုပ်သာအေးက အလှူငွေကို ဆက်ကပ်လှူဒါန်းသည်။

## တွေ့ဆုံ

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် နံနက် ၈ နာရီတွင် ရေးမြို့နယ် ကျောင်းရွာကျေးရွာရှိ နယ်မြေခံတပ်ရင်းခန်းမ၌ နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည် မိသားစုများနှင့်လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် ရေးမြို့ရှိ နယ်မြေခံတပ်နယ်ဆင်ဖြူရှင်ခန်းမ၌ တပ်နယ်အတွင်းရှိ တပ်ရင်းများမှ အရာရှိ၊ စစ်သည် မိသားစုများနှင့်လည်းကောင်း တွေ့ဆုံပြီး လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ရေးမြို့မှ မီးရထားဖြင့်ထွက်ခွာကြပြီး လမ်းခရီးတစ်လျှောက်၌ မီးရထားလမ်းဘေး ဝဲ၊ ယာရှိ နေလှန်းဆားကွင်းများ အခြေအနေ၊ မိုးရာသီအကုန်တွင် လုပ်ငန်းစတင်နိုင်ရန် ဆားကွင်းများပြုပြင်နေမှု၊ ရော်ဘာပင်များ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု၊ မီးရထားလမ်းအခြေအနေနှင့် လမ်းဇလီဖားတုံးများ ပြုပြင်လဲလှယ်နေမှု အခြေအနေများကို မီးရထားပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် ပင်ဘူတာသို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် သံဖြူဇရပ်မြို့နယ်ရှိ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ပင်ဆားလုပ်ငန်းသို့ ရောက်ရှိကြရာ ပြည်နယ်မန်နေဂျာ ဦးဝင်းသိန်းက နေလှန်းဆားမှ ဆားနှင့် စက်မှုကုန်ကြမ်းပစ္စည်းများ ထုတ်ယူရရှိမှုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပင်ဆားလုပ်ငန်း လုပ်ငန်းမန်နေဂျာ ဦးကျော်လွင်က နေလှန်းဆား ထုတ်လုပ်မှုအဆင့်ဆင့်နှင့် နေလှန်းဆားမှ စက်မှုကုန်ကြမ်းပစ္စည်းများ ထုတ်ယူရရှိမှု၊ ထုတ်လုပ်မှုပမာဏတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် ပင်ဆားကွင်း၌ စက်ယန္တရားဖြင့် ဆားကွင်းပြုပြင်နေမှု၊ ဆားကွင်းတာပေါင်များ မြေဖို့ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပင်ကျေးရွာမှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် မော်လမြိုင်မြို့သို့ ရောက်ရှိသည်။

(သတင်းစဉ်)

## ကြည့်ရှုစစ်ဆေး

**ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး သံဖြူဇရပ်မြို့နယ်ရှိ ပင်ဆားကွင်း၌ စက်ယန္တရားဖြင့် ဆားကွင်းမြေပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# သန်လျင် အထက(၁) ပညာရည်ချွန်ဆုပေးပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၉**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း ကျောင်းအကျိုးတော်ဆောင် အဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီတွင် အထက(၁) ပတ္တမြားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မိဘဆရာအသင်း ကျောင်းအကျိုးတော်ဆောင် အဖွဲ့နာယက ဦးတင်ဝင်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးကြွယ်တို့က အမှာစကားပြောကြားကြပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရရှိသူ မကေသီဝင်း၊ မသဲအိဖြူ၊ မနီနီဝင်းထွဋ်၊ မောင်အောင်သက်ပိုင် **(အပေါ်ပုံ)**၊ မောင်ကောင်းမြတ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၀၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၁၁ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၀၊ ကျောင်းတွင်းတန်းစဉ်အလိုက် တံခွန်စိုက်ဆု၊ တန်းခွဲထူးချွန်ဆုနှင့် ခွင့်ရက်ပျက်မရှိ ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(၅၂၇)





နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

✳ ရှေ့ဖုံးမှ

ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဗိုလ်ချုပ်မောင်ရှိန်၊ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဗိုလ်ချုပ်ကိုကို၊ ဗိုလ်ချုပ်သာအေး၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှဌေးဝင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ၎င်းတို့၏ဇနီးများ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Golam Mostafa နှင့် ဇနီး၊ စစ်သံမှူး Brig-Gen ANM Shawkat Jamal နှင့် ဇနီးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားခဲ့ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

## (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

## ပါကစ္စတန်သံအမတ်ကြီး မုန်တိုင်းသင့်ဒေသများ၌ လူနေအိမ် တည်ဆောက်ရန် ငွေလှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၉**

အာဆီယံ-မြန်မာ-ကုလသမဂ္ဂ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား ရန်ကုန်မြို့ရှိ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ့်စ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကာဇီအမ်ခါလီလူလ်လားသည် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ညှိခန်းသို့ လာရောက်တွေ့ဆုံကာ မုန်တိုင်းသင့်ဒေသများ၌ လူနေအိမ်ရာများ တည်ဆောက်ရေးအတွက် အလှူငွေများပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ့်စ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကာဇီအမ်ခါလီလူလ်လား မုန်တိုင်းသင့်ဒေသများ၌ လူနေအိမ်ရာများ တည်ဆောက်ရေးအတွက် အလှူငွေများပေးအပ်စဉ်။(နိုင်ငံခြားရေး)

## မြန်မာ့ရုပ်ရှင်နေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၉**

အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်သည့် မြန်မာ့ရုပ်ရှင်နေ့ အကြို အထိမ်းအမှတ်အဖြစ် အောက်တိုဘာ ၁၁ ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် မြန်မာ့ရုပ်ရှင်နေ့ အကြို ဟောပြောပွဲကို ကျင်းပပြီး ၁၉၃၄ ခုနှစ်က ရိုက်ကူးပြသခဲ့သည့် 'ဖူး' အသံတိတ်ဇာတ်ကားကို ယခင်ပြသစဉ်ကအတိုင်း သရုပ်ဆောင်များက နောက်ခံစကားများပြောခြင်း၊ သံစုံတီးဝိုင်းဖြင့် တီးခတ်ခြင်းများ ပြုလုပ်ပြသပေးမည်ဖြစ်ရာ မည်သူမဆို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမသို့ ကြွရောက်အားပေးနိုင်ကြောင်းနှင့် အောက်တိုဘာ ၁၃ ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် (၄၅)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ကျင်းပမည်ဖြစ်ရာ ရုပ်ရှင်နှင့်ဗီဒီယို အနုပညာရှင်များ စုံညီစွာ တက်ရောက်ကြရန် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ခရီးသွားလုပ်ငန်းဌာနမှ ပွင့်လင်းရာသီတွင် ပြည်တွင်းခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် အောက်တိုဘာ ၉

**မြန်မာ့ခရီးသွားလုပ်ငန်းဌာနသည် ပွင့်လင်းရာသီတွင် ပြည်တွင်းခရီးစဉ်များကို လွယ်ကူစိတ်ချမ်းမြေ့၍ စရိတ်သက်သာစွာဖြင့် ခရီးသွားလာနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့ စီစဉ်ဆောင်ရွက်ပေးရာတွင် တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ၊ ခရီးစဉ်များကို သီးသန့်စီစဉ်ပေးမည်ဖြစ်ရာ ပုဂံ၊ မန္တလေး၊ ပင်းတယ၊ ကလော၊ အင်းလေးဒေသနှင့် အပန်းဖြေ ခရီးစဉ်များဖြစ်သည့် ချောင်းသာ၊ ငွေဆောင်၊ ငပလီခရီးစဉ်များအပြင် အခြားသွားရောက်လိုသည့် အထူးခရီးစဉ်ဒေသများအတွက်လည်း ဆောင်ရွက်ပေးမည်ဖြစ်သည်။

ရက်တိုအားလပ်ရက်များတွင် ရန်ကုန်မှ အနီးဆုံးသွားရောက်နိုင်သည့် သန်လျင်၊ ပဲခူးနှင့် တွံတေး စသည့် ဘုရားစုံဖူးခရီးစဉ်များသို့လည်း သွားရောက်လိုသူများ၏ ဆန္ဒနှင့်အညီ ညှိနှိုင်းပို့ဆောင်ပေးမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူ ကလေးငယ်များအတွက်လည်း ဗဟုသုတရရှိစေမည့် ကျောင်းပိတ်ရက်တို အုပ်စုဖွဲ့ခရီးစဉ်များကို အထူးဈေးနှုန်းဖြင့် ဖန်တီးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

အသေးစိတ်သိလိုပါက မြန်မာ့ခရီးသွားလုပ်ငန်းဌာန အမှတ် (၇၇-၉၁) ဆူးလေဘုရားလမ်း ရန်ကုန်မြို့ ဖုန်း- ၂၅၂၈၅၉၊ ၃၇၈၃၇၆၊ ၃၇၄၂၈၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



တောင်ကိုရီးယားနိုင်ငံ ဘူဆန် ရေပြင်တွင် စစ်ရေးလေ့ကျင့်နေကြသောရေယာဉ်များနှင့်ရဟတ်ယာဉ်များကို အောက်တိုဘာ ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

## နာနိုကား ထုတ်လုပ်ရေးလုပ်ငန်း ဂူဂျာရတ်ပြည်နယ်သို့ ပြောင်းရွှေ့

**အာမီဒါဘတ် အောက်တိုဘာ ၈**

အိန္ဒိယနိုင်ငံ ဘန်ဂယ်လ်ဒေသ အနောက်ပိုင်းတွင် အငြင်းပွားစရာအဖြစ် တည်ရှိခဲ့သော တာတာကားကုမ္ပဏီသည် ၎င်းတို့၏ နာနို ကားထုတ်လုပ်ရေးလုပ်ငန်းခွင်အား ဂူဂျာရတ်ပြည်နယ် အာမီဒါဘတ်မြို့အနီးရှိ ဆန်နက်ဒေသသို့အောက်တိုဘာ၇ရက်က ပြောင်းရွှေ့ခဲ့ကြောင်းနှင့် ယင်းနာနိုကားသည် ကမ္ဘာ့ ဈေးအသက်သာဆုံး ဈေးကွက်ဝင်မည့်ကားအဖြစ် ထုတ်လုပ်ရောင်းချသွားမည်ဖြစ်ကြောင်း ပီတီအိုင် သတင်းတွင် ဖော်ပြသည်။

***အမ်အင်အေ၊ပီတီအေ။***

## အမေရိကန်မြို့များ၌ ဆင်းရဲမှုနှုန်း ဆက်လက်များပြားလျက်ရှိနေ

**ဝါရှင်တန် အောက်တိုဘာ ၈**

အမေရိကန် မိသားစုဝင် အများအပြားသည် ဝင်ငွေလုံလောက်မှုမရှိသဖြင့် ဆင်းရဲမှုနှုန်း ကြီးထွားလာလျက်ရှိသည်ဟု မြို့တော်ဝန်များနှင့် မြို့ပြအရာရှိများ၏ ပြောကြားချက်ကို လေ့လာချက်စစ်တမ်း၌ ဖော်ပြထားသည်။

ပြည်သူသုံးသောင်းကျော်သို့မဟုတ် ထို့ထက်များပြားသော လူဦးရေရှိသည့် မြို့များမှ မြို့တော်ဝန်များနှင့် မြို့ပြအရာရှိများက ထိုမြို့များတွင် ဆင်းရဲမွဲတေမှုအခြေအနေသည် ယခင် ၁၀ စုနှစ်ကနှင့်စာလျှင် ပို၍တိုးလာသည် သို့မဟုတ်အခြေအနေသည် တိုးတက်မှုမရှိဘဲဖြစ်နေသည်ဟု လေ့လာသုံးသပ်ကြသည်။ အမေရိကန်အစိုးရသည် လွန်ခဲ့သော နှစ်လေးဆယ်ကျော်က ဆင်းရဲမွဲတေမှုကို တိုက်ဖျက်မည်ဟု ကြေညာခဲ့သည်။ သို့သော် ၂၀၀၈ ခုနှစ်သို့ ရောက်သောအခါ ဆင်းရဲမှုနှုန်းသည် ၁၉၆၂ ခုနှစ် ဆင်းရဲမှုနှုန်းထက် နှစ်ရာခိုင်နှုန်းမျှသာ လျော့ကျလာကြောင်း စစ်တမ်း၌ ဖော်ပြထားသည်။ ၁၉၆၇ ခုနှစ်က ဆင်းရဲမှုနှုန်းသည် ၁၄ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး ၂၀၀၈ခုနှစ် စာရင်းသည် ၁၂ ဒသမ ၃ ရာခိုင်နှုန်းရှိသည်ကို တွေ့ရသည်။

***အင်တာနက်။***

## တရုတ်နိုင်ငံ၌ ပြတိုက်နှင့် စာကြည့်တိုက်များ ပိုမိုတည်ဆောက်လျက်ရှိ

**ပေကျင်း အောက်တိုဘာ ၈**

တရုတ်နိုင်ငံသည် လွန်ခဲ့သော နှစ် ၃၀ ကျော် မူဝါဒပြုပြင်ပြောင်းလဲရေးကို လုပ်ဆောင်ချိန်မှစ၍ ယဉ်ကျေးမှုလုပ်ငန်းများ ပွင့်လန်းလာအောင် ဆောင်ရွက်လျက်ရှိကြောင်း တနင်္လာနေ့တွင်ထွက်ပေါ်လာသည့် ယဉ်ကျေးမှု ဝန်ကြီးဌာနမှ စာရင်းအင်းများအရ သိရှိရသည်။ တရုတ်နိုင်ငံတွင် လွန်ခဲ့သော နှစ် ၃၀ကျော်မှစ၍ ယဉ်ကျေးမှုအဆောက်အအုံများကို တိုးချဲ့တည်ဆောက်ခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် တရုတ်နိုင်ငံတစ်ဝန်း၌ ပြတိုက်ပေါင်း ၃၄၉ ခုသာ ဖွင့်လှစ်ထားရှိနိုင်ခဲ့သော်လည်း ယနေ့တွင် ပြတိုက်ပေါင်း ၁၇၂၂ ခုထိ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ရာ ယခင်ကထက် ငါးဆမျှ များပြားလာသည်ကို တွေ့ရသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန၏ စာရင်းများအရ ယနေ့ခေတ်တွင် ခရိုင်အဆင့် အများပြည်သူ စာကြည့်တိုက် ၂၇၉၉ခု အထိ ဖွင့်လှစ်ထားရှိနိုင်ပြီးဖြစ်သည်။ ယဉ်ကျေးမှုအဆောက်အအုံပေါင်း ထောင်ချီရှိသည့်အနက် ရပ်ကွက်၊ ကျေးရွာအဆင့်ရှိ စာကြည့်တိုက်များအထိ တိုးချဲ့တည်ထောင်နိုင်ခဲ့သည်။ ယမန်နှစ်က ယဉ်ကျေးမှုထွန်းကားရေး ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးသုံးစွဲမှုမှာ ယွမ် ၁၉ဒသမ ၈၉၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ဒသမ၉၀၃ ဘီလီယံ)ကျော်ရှိသည်။ ထိုပမာဏသည် ၁၉၈၀ပြည့်နှစ်သုံးစွဲငွေထက် အဆ ၃၀ကျော်ရှိသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## သုတစုံစွာ ဤကမ္ဘာ — ကမ္ဘာ၏ ဝိသေသလက္ခဏာများ — ရော မောင်

နေစကြဝဠာတွင် နေမှရေတွက်သော် တတိယမြောက်ဂြိုဟ်မှာ ကျွန်ုပ်တို့၏ကမ္ဘာဂြိုဟ်ဖြစ်သည်။ နေစကြဝဠာတွင် သက်ရှိတို့နေထိုင်နိုင်သည့် တစ်ခုတည်းသော ဂြိုဟ်မှာ ကမ္ဘာသာလျှင်ဖြစ်သည်။ ကမ္ဘာတွင် မှီတင်းနေထိုင်လျက်ရှိသော သက်ရှိတို့အတွက် အသက်တည်ရာတည်ကြောင်း အထောက်အပံ့ပြုသည်မှာ ကမ္ဘာ့လေထုလွှာဖြစ်သည်။

သက်ရှိများနေထိုင်နိုင်သော ကမ္ဘာ၏ အထူးခြားဆုံး ဝိသေသလက္ခဏာများကို လေ့လာဖော်ကျူးအပ်ပါသည်။

### အမြင့်ဆုံးတောင်တန်းများ

၁၈၅၆ ခုနှစ်မှစတင်၍ကမ္ဘာ့အမြင့်ဆုံးတောင်အဖြစ် တရားဝင်သတ်မှတ်ခံရသော တောင်မှာ ဧဝရက်တောင်(Mount Everest) ဖြစ်သည်။ တိဗက်-နီပေါနယ်စပ်ရှိ ဟိမဝန္တာတောင်တန်းကြီး၏ အရှေ့ဘက်တွင် ဧဝရက်တောင်တန်းရှိသည်။ ယင်းတောင်၏အမြင့်မှာ ၈၈၄၈ မီတာ (၂၉၀၂၉)ပေဖြစ်သည်။

အိန္ဒိယအစိုးရ မြေတိုင်းဌာနအကြီးအကဲအဖြစ် ၁၈၃၀မှ ၁၈၄၃ ခုနှစ်အထိ ဆောင်ရွက်ခဲ့သူ ဗိုလ်မှူးကြီးဆာဂျော့ဂျ် အဲဗရက်စ်(Sir George Everest)အားဂုဏ်ပြုသည့်အနေဖြင့်ဧဝရက်တောင်ဟူ၍အမည်ပေးခဲ့ခြင်းဖြစ်သည်။

တောင်အမေရိကတိုက်ရှိ အင်ဒီးစ်(Andes )တောင်တန်းဒေသတွင် အမြင့်ဆုံးတောင်မှာ ချင်ဘိုရာဇိုတောင်(Chimborazo)ဖြစ်သည်။ အီကွေဒိုနိုင်ငံတွင် အဆိုပါ တောင်တည်ရှိပြီး ၆၂၆၇ မီတာ (၂၀၅၆၁)ပေမြင့်သည်။

ပင်လယ်သမုဒ္ဒရာအတွင်းရှိ တောင်များအနက် ကမ္ဘာပေါ်တွင် အမြင့်ဆုံးတောင်မှာ ဟာဝိုင်ယီကျွန်းပေါ်ရှိ မော်နာကီယာတောင်(Mauna Kea) ဖြစ်သည်။ ပင်လယ်ရေအောက်တွင် ငုပ်လျှိုးနေသည့် ယင်းတောင်၏ တောင်ခြေမှတိုင်းတာလျှင် တောင်၏ အမြင့်မှာ ၁၀၂၀၅ မီတာ (ပေ ၃၃၄၈၀) ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက်သို့ ထိုးထွက်နေသော တောင်၏ အမြင့်မှာ ၄၂၀၅ မီတာ (၁၃၇၉၆)ပေရှိသည်။

### အကြီးဆုံးတောင်စဉ်တောင်တန်းများ

ကမ္ဘာ့အကြီးဆုံး တောင်စဉ်တောင်တန်း(Mountainrange)မှာ Mid-Ocean Ridge ဖြစ်သည်။ ယင်းတောင်စဉ်တောင်တန်းတစ်ခုလုံးမှာ ပင်လယ်ရေမျက်နှာပြင်အောက်တွင် ရှိနေသည်။

Mid-Ocean Ridge သည် အာတိတ်သမုဒ္ဒရာမှသည် အတ္တလန္တိတ်သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာ၏ မြောက်အမေရိကအနောက်ဘက် ကမ်းရိုးတန်းဒေသအထိ ကီလိုမီတာ ၆၅၀၀၀ (မိုင်၄၀၀၀၀) ရှည်လျားသည်။

## ကြေးမုံ The Mirror — နိုင်ငံတကာသတင်းများ

## စက်တင်ဘာလအတွင်း တိုက်ခိုက်မှုဖြစ်ပွားရာ၌ သီရိလင်္ကာလုံခြုံရေးတပ်ဖွဲ့ဝင် ၂၀၀ သေဆုံး

**ကိုလံဘို အောက်တိုဘာ ၈**

လွန်ခဲ့သော စက်တင်ဘာလက တမီးလ်ကျားသူပုန်များနှင့် တိုက်ခိုက်မှုဖြစ်ပွားရာ၌ စစ်ဘက်နှင့်ရဲတပ်ဖွဲ့ဝင်အနည်းဆုံး ၂၀၀ သေဆုံးကြောင်း သီရိလင်္ကာ ဝန်ကြီးချုပ်က ပြောကြားသည်။

ယနေ့မွန်းလွဲပိုင်းက ကီလီနော့ချီဒေသရှိ အက်ကာရာယန်ကူလ်မာ အရှေ့မြောက်ဘက် ခြောက်ကီလိုမီတာအကွာရှိ တမီးလ်ကျားသူပုန်စခန်းများကို အမ်အိုင်-၂၄ ရဟတ်ယာဉ်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ မြေပြင်တိုက်ပွဲ၌ ဂျက်ဖနာကျွန်းဆွယ်ရှိ ကီလာလီဒေသတွင် တမီးလ်ကျား ကေဒါတစ်ဦးကို တပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့ကြောင်း၊ဗာဘူနီရာဒေသ နာဝက်ကူလမ်တွင် တမီးလ်ကျားသူပုန်နှစ်ဦး လက်နက်ချ အဖမ်းခံခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။***အမ်အင်အေ၊ပီတီအိုင်။***



ဧဝရက်တောင်ပေါ်သို့ နိုင်ငံတကာတောင်တက်အဖွဲ့တက်ရောက်။

## သဘာဝ ဘေးအန္တရာယ်သတင်းများ

## အင်ဒိုနီးရှားတွင် မီးတောင်ပေါက်ကွဲ အန္တရာယ်သတိပေးချက်ထုတ်ပြန်ထား

**ဂျကာတာ အောက်တိုဘာ ၈**

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီကျွန်းရှိ ဆိုပူတန်မီးတောင်သည် အောက်တိုဘာ ၇ ရက်က မီးတောက်မီးခိုးများထွက်၍ ပေါက်ကွဲမှုဖြစ်ပွားသဖြင့် ထိုမီးတောင်ဝန်းကျင်တွင် နေထိုင်သူများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းကြရန် အာဏာပိုင်များက သတိပေးထားသည်။ **(အောက်ပုံ)**

ယင်းပေါက်ကွဲမှုကို အကြောင်းပြု၍ ရွှေ့ပြောင်းမိန့်ထုတ်ဆင့်ခြင်း မပြုသေးသော်လည်း မီးတောင်ထိပ်ဝမှ အဝေးဆုံးနေရာတွင် နေထိုင်ကြရန် နှိုးဆော်ထားသည်။ မီးတောင်ထိပ်ဝမှ ကျောက်ရည်နှင့် ချော်ရည်ပူများ ကျဆင်းလာနိုင်သည့် အန္တရာယ်ရှိနေသောကြောင့် မီးတောင်ဝမှ ဝေးဝေး ရှောင်နေရန် သတိပေးရခြင်းဖြစ်ကြောင်း မီးတောင် ဗေဒကျွမ်းကျင်သူ စန္ဒိက ပြောကြားသည်။

၅၉၅၅ပေ မြင့်သော ဆိုပူတန်မီးတောင်သည် ဆူလာဝေစီကျွန်း၏ မြောက်ပိုင်းတွင် တည်ရှိသည်။ ယင်းမီးတောင်နှင့် အနီးဆုံးကျေးရွာမှာ မီးတောင်ဝမှ ၅မိုင်ခန့်အကွာတွင် ရှိသည်။

ထိုမီးတောင်သည် တနင်္လာနေ့နံနက်တွင် စတင်၍ ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။ မီးခိုးမီးတောက်နှင့် အခိုးအငွေ့များ အရှိန်ပြင်းစွာ ပန်းထွက်လာသဖြင့် အာဏာပိုင်များက အန္တရာယ်မဖြစ်စေရန် သတိပေးချက်ကို ချက်ချင်းထုတ်ပြန်ရခြင်းဖြစ်သည်။

ထိုမီးတောင်သည် ၁၉၉၁ ခုနှစ် ပေါက်ကွဲမှုဖြစ်ပွားစဉ်က ချော်ရည်များ အေးခဲသွားပြီး မီးတောင်ဝတွင် မို့လျက်ရှိသည်။ သို့သော်ထိုချော်တောင်ပြိုကျပါက ချော်ရည်ပူများ၊ ကျောက်ရေပူများ တောင်စောင်းမှ စီးကျလာမည့် အန္တရာယ်ရှိသည်။

***အင်တာနက်။***



## နယူးဇီလန်တွင် လေပြင်းမုန်တိုင်းကျရောက် မြို့များတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်

**ဝယ်လင်တန် အောက်တိုဘာ ၈**

နယူးဇီလန်နိုင်ငံမြောက်ပိုင်း၊ အလယ်ပိုင်းနှင့် အနိမ့်ပိုင်းဒေသများတွင် အင်္ဂါနေ့က လေပြင်းများတိုက်ခိုက်မှုကြောင့် လျှပ်စစ်ဓာတ်အားများ ပြတ်တောက်သွားရာ ဓာတ်အားသုံးစွဲသူ ၂၀၀၀တို့မီးမရရှိဘဲနေကြရကြောင်း သတင်းကဖော်ပြသည်။

အောက်တိုဘာ ၇ရက်တွင် တစ်နာရီလျှင် ကီလိုမီတာ ၁၅၀အထိ ပြင်းထန်သော လေပြင်းများ တိုက်ခတ်သည့်အတွက် သစ်ပင်များလဲကျပြီး သစ်ကိုင်းများ ကျိုးကျရာ ဓာတ်ကြိုးလိုင်းများ ပြတ်တောက်သွားသဖြင့် မီးမပေးနိုင်ဘဲဖြစ်ခဲ့ရသည်ဟု နယူးဇီလန်ရေဒီယိုက ကြေညာသည်။ မီးအများဆုံး ပြတ်တောက်သွားချိန်တွင် ဝယ်လင်တန်၊ ဝါရာရာပါ၊ မာနာဝါတူနှင့် တာရာနာကီ အရပ်များတွင် ပြည်သူ ၄၀၀၀ကျော်တို့ ဓာတ်အားမရှိဘဲ နေကြရသည်။

ယခုအခါ ဝယ်လင်တန်မြို့ဒေသတွင် မီးများပြန်လည်ရရှိပြီး ဖြစ်သော်လည်း အချို့ဒေသများတွင် ဓာတ်အားဆက်လက် ပြတ်တောက်နေဆဲဖြစ်၍ ပြည်သူ ၂၀၀၀ကျော်မှာ ဓာတ်အားမရရှိသေးဘဲ ကျန်ရှိနေသေးသည်ဟု ဆိုသည်။

***အင်တာနက်။***

## တူရကီတွင် ပီကေကေ သူပုန်များတိုက်ခိုက် လေးဦးသေဆုံးပြီး ၂၀ ဒဏ်ရာရ

**အင်ကာရာ အောက်တိုဘာ ၈**

တူရကီနိုင်ငံ အရှေ့တောင်ပိုင်းတွင် အောက်တိုဘာ ၈ ရက်၌ ကာ့ဒ်အလုပ်သမားပါတီ(ပီကေကေ) သူပုန်များက ရဲတပ်ဖွဲ့ယာဉ်တစ်စီးကို တိုက်ခိုက်ရာ အရာရှိလေးဦးသေဆုံးပြီး ၂၀ ဒဏ်ရာ ရရှိသွားကြောင်း အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။

ဒီယာဘာကရီယာပြည်နယ် အဇီဇိယာအရပ်အနီးတွင် ရဲတပ်ဖွဲ့၏ ဘတ်စ်ကား ပစ်ခတ်ခံရခြင်းဖြစ်သည်။ ထိုယာဉ်မှာ အလီဂါဖာအိုကန် ရဲသင်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်နေသူများအား သယ်ဆောင်လာသောယာဉ်ဖြစ်သည်။ တူရကီကာကွယ်ရေးဝန်ကြီး ဘီဆာအတ္တာလေထံမှ လာသောသတင်းအရမူ ယခုတိုက်ခိုက်မှုအတွက် ယာဉ်မောင်း အပါအဝင် ငါးဦးအသက်ဆုံးရှုံးကြောင်း သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဘဂ္ဂဒက်မြို့ အစိမ်းရောင်နယ်မြေအနီး၌ ပြင်းထန်သည့်ပေါက်ကွဲမှုနှစ်ခု ဖြစ်ပွား

**ဘဂ္ဂဒက် အောက်တိုဘာ ၈**

ဘဂ္ဂဒက်မြို့ရှိ လုံခြုံရေးတင်းကျပ်စွာချထားသော အစိမ်းရောင် နယ်မြေအနီးတွင် အောက်တိုဘာ ၇ ရက်က အင်အားပြင်းထန်သည့် ပေါက်ကွဲမှုနှစ်ခုဖြစ်ပွားခဲ့ရာ အနည်းဆုံး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနနှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ပေါက်ကွဲမှု ဖြစ်ရခြင်း၏ အကြောင်းရင်းကို ချက်ချင်းမသိရှိရသေးသော်လည်း ပေါက်ကွဲမှုဖြစ်စဉ်မှာဆက်တိုက်ဖြစ်ပွားခဲ့ရာအနည်းဆုံး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်းကို ပြည်ထဲရေးဝန်ကြီးဌာနမှ ထွက်ပေါ်လာသည့် သတင်းအရ သိရသည်။

ယင်းပေါက်ကွဲမှုများကြောင့် အနီးအနားရှိ အရပ်ဘက် ကားများ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထိုပေါက်ကွဲမှုများမှာ ကားဗုံးပေါက်ကွဲမှုများဖြစ်ပြီး ပေါက်ကွဲမှုတစ်ခုမှာ အစိမ်းရောင်နယ်မြေဟု သတ်မှတ်ထားသည့် ဝင်ပေါက်ရှိ အီရတ်နိုင်ငံခြားရေးဝန်ကြီးရုံး၏ အခြားတစ်ဖက် ကားရပ်ရန်နေရာ၌ ရပ်ထားသည့် စစ်ဘက်ဆိုင်ရာ ယာဉ်တစ်စီးအနီး၌ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ၎င်းအစိမ်းရောင်နယ်မြေအဖြစ် သတ်မှတ်ထားရာ နေရာတွင် အီရတ်အစိုးရရုံးများနှင့် နိုင်ငံခြားသံရုံးများရှိကြပြီး ယင်းသံရုံးများထဲတွင် အမေရိကန်သံရုံးလည်းပါဝင်ကြောင်း သိရှိရသည်။

အဆိုပါ ကားဗုံးခွဲတိုက်ခိုက်မှုများမှာ အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီးသည် အစိမ်းရောင် နယ်မြေအတွင်း၌ သတင်းစာ ရှင်းလင်းပွဲမလုပ်မီ အချိန်အတွင်းမှာ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အစိမ်းရောင်နယ်မြေအနီးတွင် အောက်တိုဘာ ၈ရက်က ဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

## တရားရုံးအပြင်ဘက် အသေခံဗုံးခွဲ ကိုးဦး သေဆုံး

**ဘဂ္ဂဒက် အောက်တိုဘာ ၈**

အီရတ်နိုင်ငံ ဒီယာလာပြည်နယ်၏ မြို့တော် ဘာကျူဘာရှိ တရားရုံးအပြင်ဘက်၌ ဗုဒ္ဓဟူးနေ့က အသေခံဗုံးခွဲသူ အမျိုးသမီးတစ်ဦးသည် ကိုယ့်ကိုယ်ကိုယ် ဗုံးဖောက်ခွဲခဲ့ရာ အရပ်သားကိုးဦး သေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။ ထို့ပြင် တရားရုံးဝင်ပေါက်အနီးလူအုပ်အတွင်း၌ ဖောက်ခွဲရေးပစ္စည်းများ တပ်ဆင်ထားသော ခါးပတ်ကို ပတ်ထားသော အမျိုးသမီးတစ်ဦးသည်ကိုယ့်ကိုယ်ကိုယ် အသေခံ ဗုံးဖောက်ခွဲမှုပြုလုပ်ခဲ့သည်ဟု အမည်မဖော်လိုသူက ဆင်ဟွာသတင်းဌာနသို့ သတင်းပေးသည်။

ထိုပေါက်ကွဲမှုကြောင့် အဆောက်အအုံများနှင့် ကားများလည်း ပျက်စီးခဲ့သည်ဟု သတင်း၌ ဖော်ပြသည်။ ဒီယာလာပြည်နယ်သည် အီရတ်ရှိ အယ်လ်ခိုင်ဒါများအတွက် အမာခံစခန်းများရှိသော ပြည်နယ်ဖြစ်ခဲ့သည်။ ***အင်တာနက်။***

## ၂၀၀၈ နှစ်ကုန်၌ အီရတ်နိုင်ငံရှိ မက်စီဒိုးနီးယားတပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းမည်

**တီရာနာ အောက်တိုဘာ ၈**

အီရတ်နိုင်ငံတွင် စေလွှတ်ထားသည့် မက်စီဒိုးနီးယား ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များအား ယခုနှစ်ကုန်တွင် ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း မက်စီဒိုးနီးယား ကာကွယ်ရေးဝန်ကြီး ကွန်ဂျာနိုဗက်စ်ကီက အောက်တိုဘာ ၇ ရက်တွင် ပြောကြားသည်။

အီရတ်နိုင်ငံဒေသအချို့တွင် ကိုယ့်ကိုယ်ကိုယ် ကာကွယ်စောင့်ရှောက်နိုင်ပြီဖြစ်၍ ၎င်းတပ်ဖွဲ့ဝင်များကို ပြန်လည် ခေါ်ယူမည်ဖြစ်ကြောင်း ကွန်ဂျာဗက်စ်ကီ၏ ပြောကြားချက်ကို ကိုးကား၍ သတင်း၌ဖော်ပြထားသည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက် ၉၅ ကီလိုမီတာအကွာရှိ တာဂျီမြို့တွင် မက်စီဒိုးနီးယားတပ်ဖွဲ့ဝင် ၇၇ ဦးရှိပြီး ဒီဇင်ဘာ ဒုတိယလဝက်အတွင်း၌ ပြန်ခေါ်မည်ဟု ၎င်းကပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ် အရှေ့ပိုင်းတွင် ကားဗုံးခွဲတိုက်ခိုက်မှုအပြီး အပျက်အစီးများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

## ပျောက်ဆုံးနေသော တူရကီတပ်ဖွဲ့ဝင်နှစ်ဦး၏ အလောင်းပြန်တွေ့

**အန်ကာရာ အောက်တိုဘာ ၈**

မတရားအသင်း ကြေညာခြင်းခံရသော ကာဒစ်အလုပ်သမားပါတီ၏ တိုက်ခိုက်မှုကြောင့် သောကြာနေ့က ပျောက်ဆုံးနေသော တူရကီတပ်ဖွဲ့ဝင်နှစ်ဦး၏ အလောင်းကို ပြန်လည်တွေ့ရှိပြီဟု တူရကီစစ်ဘက်က ပြောကြားသည်။

### တိုက်ပွဲဖြစ်ပွား

တူရကီစစ်ဘက်က ဝက်ဘ်ဆိုက်တွင် ယင်းသတင်းကို ထုတ်ပြန်လိုက်သည်။ ယင်းအလောင်းနှစ်လောင်းမှာ တပ်ကြပ်ကြီးများဖြစ်ကြသော နူဂူလပ်ဘိုင်းမက်စ်နှင့် ဘက်ဟက်တင်းအီတာဟမ်တို့ဖြစ်ကြောင်း၊ တနင်္လာနေ့စောစောပိုင်းက ဟက်ကာရီပြည်နယ် အရှေ့တောင်ဘက်ရှိ ဆင်ဒီလီမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းတပ်ဖွဲ့ဝင်နှစ်ဦးမှာ သောကြာနေ့ မွန်းလွဲပိုင်းက ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။ ထိုအချိန်၌ အီရတ်အနောက်ပိုင်းရှိ အက်တူတန်ဂျင်ဒါမာရီနယ်စပ်ဒေသရှိ ဆင်ဒီလီမြို့တွင် တိုက်ပွဲဖြစ်ပွားရာ တူရကီတပ်ဖွဲ့ဝင် ၁၅ဦးနှင့် ပီကေကေပါတီမှ ၃၂ ဦး သေဆုံးခဲ့ရသည်။

### လက်နက်စွဲကိုင်

တူရကီအရှေ့တောင်ပိုင်းရှိ ပီကေကေများသည် ၎င်းတို့လူမျိုးစုများနေထိုင်ရာ ဒေသအတွက် ၁၉၈၄ ခုနှစ်မှစ၍ လက်နက်စွဲကိုင်တိုက်ပွဲများဆင်နွှဲခဲ့ရာ ဆယ်စုနှစ် နှစ်ခုကျော်တွင် လူ ၄၀၀၀၀ ခန့် သေဆုံးခဲ့ရပြီးဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***




## တရုတ်နိုင်ငံတွင် အဆိပ်သင့်ရေသောက်မိသောကြောင့် ကျေးရွာသားများ အဆိပ်သင့်

**နန်နင်း အောက်တိုဘာ ၈**

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်စီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မသန့်ရှင်းသော အဆိပ်ဓာတ်ပါသည့် ရေများကို သောက်သုံးမိသဖြင့် ကျေးရွာသား ၁၃၆ ဦး အောက်တိုဘာ ၈ ရက်က ဆေးရုံတက်ရောက်ကုသခံခဲ့ရကြောင်း ဒေသဆိုင်ရာ အစိုးရက ပြောကြားသည်။

ဝေဒနာခံစားရသူအားလုံး ဆေးရုံတွင် တက်ရောက်ကုသခံလျက်ရှိသည်ဟု ဟီချီမြို့ ကျန်းမာရေးဌာနမှ ညွှန်ကြားရေးမှူး ဝီကီချောင်က ပြောကြားသည်။ ဒေသခံများအား ယခုအခါ သန့်ရှင်းသော ရေများကို သောက်သုံးစေနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း ၎င်းကဆိုသည်။

နောက်ထပ် ဝေဒနာခံစားရသူများအား ဆေးဝါးကုသပေးရန်အတွက် မြို့တော်အာဏာပိုင်များက အင်တိုက်အားတိုက်ရှာဖွေလျက်ရှိသည်။ ဟီချီမြို့မှ ဝေဒနာခံစားရသူ ရွာသားနှစ်ဦးသည် ကနဦးရောဂါလက္ခဏာ အနေဖြင့်မျက်လုံးနှင့် မျက်နှာများ ရောင်ကိုင်းဖောင်းအစ်လာခြင်း၊အန်ခြင်းနှင့် မြင်ကွင်းမှုန်ဝါးခြင်းတို့ကိုအောက်တိုဘာ ၃ ရက်နေ့က စတင်ခံစားရသည်။

ဆေးရုံ တက်ရောက်ကုသခံနေသူ ၁၃၆ ဦး၏ ဆီးနမူနာကို ဆေးစစ်ကြည့်သောအခါ အဆိပ်ဖြစ်စေသော အာဆင်းနစ်ဓာတ် ပမာဏ လွန်ကဲစွာ ပါဝင်နေသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ၎င်းတို့အနေဖြင့် အဆိပ်သင့်နေပုံပေါ်ကြောင်းနှင့် ဆေးရုံတွင် ကိုးရက်မှ ၁၅ ရက်ထိ တက်ရောက်ကုသခံရမည်ဟု ခန့်မှန်းရကြောင်း ကျန်စီဒေသဆိုင်ရာ ရောဂါကာကွယ်ရေးနှင့် ကုသရေးအဖွဲ့ အကြီးအကဲ ကျီစီမင်ကပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## အာရပ်စော်ဘွားများပြည်ထောင်စုတွင် ပထမဆုံးအမျိုးသမီး တရားသူကြီး ခန့်အပ်တာဝန်ပေး

**အဘူဒါဘီ အောက်တိုဘာ ၈**

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)တွင် ပထမဆုံး အမျိုးသမီး တရားသူကြီးအဖြစ် ကူလော့ဒ်အာမက်ဂျာဝမ် အယ်လ်ဒါဟီရီအား စက်တင်ဘာ ၃၀ ရက်က ခန့်အပ်တာဝန်ပေးခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနက ထုတ်ပြန်ကြေညာသည်။

သူမသည် ပင်လယ်ကွေ့ဒေသရှိ အာရပ်နိုင်ငံများတွင် ရေနံအကြွယ်ဝဆုံးဖြစ်သည့် စော်ဘွားနိုင်ငံဖြစ်သော ယူအေအီးတွင် ပထမဆုံးအမျိုးသမီး တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကာ ကာကွယ်ရေးဝန်ကြီးနှင့် အဘူဒါဘီဒေသ၏ တရားစီရင်ရေးအဖွဲ့ဥက္ကဋ္ဌလည်းဖြစ်သူ ရှိတ်မင် ဆာဘင် ဇာရတ် အယ်နာယန်၏ ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆို၍ တာဝန်ကို လက်ခံခဲ့သည်။

အမျိုးသမီး တရားသူကြီးခန့်အပ်ခြင်းအားဖြင့် ယူအေအီးနိုင်ငံတွင် တစ်မူထူးခြားသော အတွေ့အကြုံသစ်တစ်ခုကို အမှန်တကယ် တွေ့ကြုံရပြီ ဖြစ်သည်ဟု ရှိတ်မင်ဆာက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***





တရုတ်နိုင်ငံအန်ဟွေးပြည်နယ် ဟွေးပေမြို့တွင်ဘူးသီးပုံသဏ္ဍာန်ရှိသော လိပ်တစ်ကောင်ကို အောက်တိုဘာ ၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# ပြောင်းလဲသော အမြင်၊ တိုးတက်သော အသိ၊ လှပသော အနာဂတ်

မောင်မြင့်မိုး



ကျွန်တော်၏ အမြင်အာရုံများ လွဲမှားခြင်းတော့ မဟုတ်နိုင်ပါ။ ကျွန်တော်မြင်တွေ့ခဲ့သော အရာများသာ ပြောင်းလဲခဲ့ခြင်းဖြစ်မည်ဟု ယုံကြည်နေမိသည်။ ကျွန်တော်သည် မွန်ပြည်နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် ခရီးထွက်လာခဲ့ခြင်းဖြစ်သည်။ ယခင်က ဤနေရာ၊ ဤဒေသများကို တာဝန်ဖြင့် ရောက်ခဲ့ဖူးပါသည်။ သို့သော် ယခုလိုမြင်ကွင်းမျိုး မဟုတ်သဖြင့် ယုံကြည်ရန်ပင် ခက်ပါသည်။

## ပြောင်းလဲခြင်း

မွန်ပြည်နယ်သည် ရာသီဥတု သာယာမျှတသည်။ စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းကောင်းမွန်သည်။ မွန်၊ ဗမာ၊ ကရင်၊ ပအိုဝ်း၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသားပေါင်းစုံ နေထိုင်ကြသည်။ ပေ ၁၅၀၀ အထိမြင့်သော တောင်တန်းကြီးများလည်းရှိသည်။ စစ်တောင်းမြစ်ဝနှင့် သံလွင်မြစ်အကြားတွင် ကမ်းရိုးတန်းလွင်ပြင်များလည်း ရှိသည်။ စစ်တောင်းမြစ်၊ ဘီးလင်းမြစ်၊ အတ္တရံမြစ်၊ ဂျိုင်းမြစ်၊ သံလွင်မြစ်နှင့် ရေးမြစ်များ ဖြတ်သန်းစီးဆင်းကြသဖြင့် သာယာလှပသည်။

ယခင်က ဤဒေသများသည် သောင်းကျန်းသူများကြောင့် အကျည်းတန် အရုပ်ဆိုးခဲ့ရသည်။ သောင်းကျန်းသူများ၏ ရန်က မသေးလှပေ။ ရွာဝင်ဆက်ကြေးတောင်း၊ ဓားပြတိုက်သည်။ မရလျှင် မီးရှို့သည်။ လမ်း၊ တံတား၊ စက်ရုံများကို ဖုံးခွဲကြသည်။ ရွာအဝင်အထွက် လမ်းများတွင် မိုင်းထောင်ကြသဖြင့် အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရကြသည်။ **“ကျီးလန့်စာစား”** ဘဝဖြင့် ပြည်သူများ နေထိုင်ကြရသည်။ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး အစစအရာရာ နုံချာခဲ့ရသည်။

ယခုတော့ အရာအားလုံး ပြောင်းလဲနေပေပြီ။ နယ်မြေဒေသကလည်း ငြိမ်းချမ်းမှုရှိလာသည်။ နိုင်ငံတော်အစိုးရက ပြည်နယ်/တိုင်းအသီးသီးတွင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။ သံလွင်တံတား၊ အတ္တရံတံတား၊ စစ်တောင်းတံတား(မုပ္ပလင်) စသည့်တံတားကြီးများ တည်ဆောက်ပေးခဲ့သဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်။ ယခင်က မြေသားလမ်းသာရှိသော ကျေးရွာများက ယခု ကတ္တရာလမ်းများဖြစ်လာကြသည်။ စီးပွားရေး၊ လူမှုရေး ကောင်းမွန်လာကြသည်။ လျှပ်စစ်မီးများ ရရှိလာသဖြင့် နေအိမ်များ၌ ရုပ်မြင်သံကြားကြည့်ရှုနိုင်ကြပြီ။ ကျေးရွာတိုင်းမှာလည်း စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခဲ့ကြသည်။ တိုးတက်သော ပြောင်းလဲခြင်းဟု ဆိုရပါမည်။

## တိုးတက်ခြင်း

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အားကိုးအားထားပြုရမည့် အရင်းအမြစ်နှစ်ခုရှိရမည်။ သဘာဝသယံဇာတ အရင်းအမြစ်နှင့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည်။ အချို့သော နိုင်ငံများတွင် သယံဇာတ ပြောပလောက်အောင် မရှိသော်လည်း လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ဖွံ့ဖြိုးတိုးတက်

> **ယနေ့အခါတွင် စာပေ၏ အကျိုးကျေးဇူးကြောင့် ပြည်သူများ ဗဟုသုတ တိုးပွားလာကြသည်။ အမှန်၊ အမှား ခွဲခြားတတ်လာကြသည်။ အကောင်း၊ အဆိုး ရွေးချယ်နိုင်ကြပြီ။ မည်သည့် နည်းနှင့်မျှ တိုင်းတစ်ပါးသြဇာခံဘဝ အရောက်ခံကြမည် မဟုတ်တော့ပေ။**

နေကြသည်။ ကျွန်တော်တို့နိုင်ငံတွင် ရေသယံဇာတ၊ မြေသယံဇာတများစွာရှိသည်။ သစ်တော၊ သတ္တု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ထုထည်ကြီးမားစွာ တည်ရှိသည်။ သို့သော် အပြည့်အဝ ထုတ်ယူသုံးစွဲတတ်ရန် လိုပါသည်။ ကျွမ်းကျင်သော အသိပညာရှင်၊ အတတ်ပညာရှင်များ ရှိရန်လိုပါသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေပါသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအကျဆုံးမှာ စာကြည့်တိုက်များ ဖွင့်လှစ်ထူထောင်ရန်ပင် ဖြစ်သည်။ စာကြည့်တိုက်များတွင် စာအုပ်မျိုးစုံရှိသည်။ အတွေ့အကြုံ ဗဟုသုတ အသိအမြင် မျိုးစုံရှိသည်။ စာပေဖတ်ရှုခြင်းဖြင့် အသိပညာ ဗဟုသုတ အသိအမြင် ကြွယ်ဝလာမည်။ ပြန်ကြားရေးဝန်ကြီးဌာနက ပြည်သူများ အသိပညာ ဗဟုသုတ တိုးတက်စေရန်အတွက် တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ကျေးရွာပေါင်း ၅၅၇၅၅ တွင် စာကြည့်တိုက်များ ဖွင့်လှစ်ထူထောင်ခဲ့ကြသည်။ မွန်ပြည်နယ်ရှိ ကျေးရွာပေါင်း ၁၁၉၈ ရွာတွင် စာကြည့်တိုက်များ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ယခုလို ကျေးရွာများတွင် စာကြည့်တိုက်များ ဖွင့်လှစ်ထူထောင်ခြင်းကို ပြည်သူများက ကြိုဆိုကြသည်။ စာကြည့်တိုက်များသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအတွက် မည်မျှအရေးပါကြောင်းကို လူတိုင်းသိရှိနားလည်နေကြပြီ။

ငွေကြေးတတ်နိုင်သူများက ငွေကြေးလှူဒါန်းကြသည်။ စာအုပ်၊ စာစောင် တတ်နိုင်သူများက စာအုပ်၊ စာစောင်များ ပေးလှူနေကြသည်။ စာပေသည် လူငယ်များစွာကို နိုးကြားအောင် လှုံ့ဆော်ပေးသည်။ စာပေသည် အသိအမြင်များ ကျယ်ပြန့်အောင် အလင်းတံခါးဖွင့်ပေးသည်။ စာအုပ်စာပေကျေးဇူးကြောင့် နိုင်ငံတစ်နိုင်ငံလုံးတွင် ပညာတတ်ဦးရေ တိုးတက်စေခဲ့သည်။ အထူးသဖြင့် လူငယ်များကို အပြောအဆို၊ အမူအရာ ယဉ်ကျေးသိမ်မွေ့စေပါသည်။ စာပေသည် ခေတ်သမိုင်းကိုလည်း ဖော်ညွှန်းပြသလျက်ရှိသည်။ စာဖတ်ခြင်းနှင့်ပတ်သက်၍ စကားပုံများစွာ ရှိသည်။ “Reading is the Soil where Knowledge grow"၊"Books make a perfact man”ဟူ၍ဖြစ်သည်။

မြန်မာ့သမိုင်းတွင် ရာဇကုမာရ်မင်းသားကို မွန်မြတ်သော သားတစ်ဦးအဖြစ် မှတ်တမ်းတင်ခဲ့ကြသည်။ ရာဇကုမာရ်မင်းသားသည် ဖခင်ကျန်စစ်သားမင်းကြီးထံမှ ထီးနန်းမရရှိသော်လည်း ဖခင်အပေါ် မေတ္တာထား အလုပ်အကျွေးပြုခဲ့သည်။ ဖခင်မကျန်းမာသည့်အချိန်တွင် ရွှေသားဆင်းတုတော်တစ်ဆူသွန်းလုပ်၍ ဖခင်အတွက် ကောင်းမှုကုသိုလ် ပြုလုပ်ပေးခဲ့သည်။ ရာဇကုမာရ်မင်းသားသည် အားလပ်ချိန်များတွင် တူရွှင်းတောင်ခြေရှိ ပိဋကတ်တိုက်တွင် သွားရောက်စာဖတ်လေ့ရှိသည်။ ယခုကဲ့သို့ ဖခင်၏ကျေးဇူးကို သူမတူအောင်ပေးဆပ်နိုင်ခဲ့သည့် ရာဇကုမာရ်၏ နှလုံးသားမြင့်မြတ်မှုသည် စာကြည့်တိုက်၏ ကျေးဇူးကြောင့်ဖြစ်သည်ဟု စာပေပညာရှင်ကြီးများက မှတ်ယူပြောဆိုခဲ့ကြသည်။ စာပေ၏ ဂုဏ်ကျေးဇူးသည် ကြီးမားခဲ့ပေ၏။

## သင်ခန်းစာယူရမည်

ကျွန်တော်တို့နိုင်ငံကို တိုင်းတစ်ပါးက နှစ်ပေါင်းတစ်ရာကျော် ကျွန်ပြုအုပ်ချုပ်ခဲ့ကြသည်။ ကိုလိုနီခေတ်တွင် ကျွန်တော်တို့ပြည်သူများ၏ ဘဝကို လူညွန့်တုံးအောင် နည်းမျိုးစုံဖြင့် ဖန်တီးခဲ့ကြသည်။ စာပေပညာ သင်ကြားခွင့်မရအောင် ကန့်သတ်ခဲ့ကြသည်။ အတွေးအခေါ်၊ အယူအဆ ခေတ်နောက်ကျစေပြီး အသိအမြင်မကျယ်အောင်လုပ်ခဲ့ကြသည်။ လူတုံးလူအ များဖြစ်မှသာ နှစ်ပေါင်းများစွာ ဆက်လက်အုပ်ချုပ်နိုင်မည်ဟု သဘောထားခဲ့ကြသည်။ အဆိုးရွားဆုံးလုပ်ရပ်မှာ တိုင်းရင်းသားအချင်းချင်း အထင်အမြင်လွဲအောင်၊ သွေးကွဲအောင်လုပ်ခဲ့ကြသည်။ သပ်လျှိုပေးခဲ့ကြသည်။ အဲဒီလုပ်ရပ်များကြောင့် တိုင်းရင်းသားအချင်းချင်း နှစ်ပေါင်းများစွာ တိုက်ခိုက်ခဲ့ကြပြီး နိုင်ငံဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည်။ နိုင်ငံနှင့်လူမျိုးအတွက် ကြီးမားသော အမျိုးသားရေးဆုံးရှုံးမှုများပင်ဖြစ်သည်။

ကျွန်ဘဝတွင် ရရှိခဲ့သောသင်ခန်းစာများကို ကျွန်တော်တို့အားလုံးက သတိပြုကြရန်လိုသည်။ နိုင်ငံသားအားလုံး စာဖတ်ကြရန်လိုသည်။ အသိပညာဗဟုသုတမရှိပါက အတိတ်ကအဖြစ်ဆိုးမျိုး ထပ်မံကြုံတွေ့နိုင်သည်။ ယနေ့အချိန်တွင် နယ်ချဲ့လက်သစ် လက်ပောင်း နိုင်ငံကြီးများက မိမိတို့အတွက် အကျိုးအမြတ် ချိုချိုချောင်ချောင်ရရှိနိုင်သည့် ကိုလိုနီစနစ်ဆိုးကို မစွန့်လွှတ်လိုကြပေ။ ကမ္ဘာက လက်မခံတော့သည့် ကိုလိုနီပုံစံဟောင်းကိုပင် ဆေးရောင်ပြောင်းသုတ်ပြီး ပုံစံပြောင်း အသုံးပြုလိုကြသည်။ သူတို့အလိုမကျသည့် နိုင်ငံငယ်များ၏ အစိုးရများကို စွပ်စွဲချက်အမျိုးမျိုးဖြင့် ဖြုတ်ချလိုကြသည်။ သြဇာခံရုပ်သေးအစိုးရများ တင်ပေးပြီး ခြယ်လှယ်သွေးစုပ် အမြတ်ထုတ်လိုကြသည်ကို တွေ့မြင်နေရသည်။ ကျွန်တော်တို့အားလုံး အသိရှိနေကြသည်။ သတိရှိနေကြသည်။

> **လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာသဖြင့် မြန်မာနိုင်ငံတွင် အရှည်ဆုံး၊ အကြီးဆုံး သံလွင်မြစ်ကူး သံလွင်တံတား (မော်လမြိုင်)ကို မြန်မာတို့တည်ဆောက်နိုင်ခဲ့သည်။**

ယနေ့အခါတွင် စာပေ၏အကျိုးကျေးဇူးကြောင့် ပြည်သူများ ဗဟုသုတ တိုးပွားလာကြသည်။ အမှန်၊ အမှား ခွဲခြားတတ်လာကြသည်။ အကောင်း၊ အဆိုး ရွေးချယ်နိုင်ကြပြီ။ မည်သည့်နည်းနှင့်မျှ တိုင်းတစ်ပါးသြဇာခံဘဝ အရောက်ခံကြမည် မဟုတ်တော့ပေ။ ကျွန်တော်တို့ရဲ့ အနာဂတ်ကို ကျွန်တော်တို့စိတ်တိုင်းကျ ပုံဖော်နိုင်ပေပြီ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို ခိုင်ခိုင်မာမာ ချမှတ်ခဲ့ပြီးဖြစ်သည်။ အမျိုးသားရေးပန်းတိုင်၊ အမျိုးသားရေး ရည်မှန်းချက်များကိုလည်း ချမှတ်ချီတက်နေကြသည်။ မကြာသောကာလတွင် ပန်းတိုင်ရောက်ရှိတော့မည်ဖြစ်သည်။

## လှပလာမည့်အနာဂတ်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်လိုသည်။ ကျွန်တော်တို့နိုင်ငံ လူဦးရေ၏ ရာခိုင်နှုန်း ၇၀ ရှိသော ကျေးလက်ပြည်သူများ အသိပညာဗဟုသုတ တိုးတက်မှသာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာပေမည်။ ဖွင့်လှစ်ထားသော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာအောင် ကျေးရွာတိုင်းကို ကျွန်တော်တို့ သွားရောက်ကြိုးပမ်းနေကြသည်။ ကျေးလက်ပြည်သူများ စာပေဖတ်ရှုလိုစိတ်ရှိအောင်၊ အမှန်တကယ် စာဖတ်ကြအောင် ကျွန်တော်တို့ စည်းရုံးနေကြသည်။ စာကြည့်တိုက်များတွင် စာအုပ်၊ စာစောင်နှင့် ရန်ပုံငွေများ တိုးပွားရရှိအောင် စည်းရုံးနေကြရသည်။ ကျေးရွာစာကြည့်တိုက်မှူးများ အရည်အသွေးပြည့်ဝအောင် လေ့ကျင့်ပျိုးထောင်ပေးနေရသည်။ သက်ဆိုင်ရာ ဒေသအာဏာပိုင်များကလည်း ကူညီပံ့ပိုးပေးလျက်ရှိသည်။ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာလာကြမည်မှာ အမှန်ပင် ဖြစ်သည်။ ကျေးလက်ပြည်သူများ အသိပညာဗဟုသုတ တိုးပွားလာတော့မည်မှာ အသေအချာပင် ဖြစ်တော့သည်။

နိုင်ငံတစ်နိုင်ငံကို အနာဂတ်ရှိသည်ဟုပြောနိုင်သော အချက်နှစ်ချက်ရှိကြောင်း သိရသည်။ ပထမအချက်မှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေသော နိုင်ငံသားများရှိရမည်ဆိုသည့် အချက်ပင် ဖြစ်သည်။ ဒုတိယအချက်မှာ ပညာရေးအခြေခံ တောင့်တင်းမှုနှင့် အသိပညာ ဗဟုသုတကြွယ်ဝသော နိုင်ငံသားများ ရှိရမည်ဆိုသည့် အချက်များပင်ဖြစ်သည်။ ယနေ့အချိန်တွင် နိုင်ငံတော်သစ်သို့ ကူးပြောင်းနိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ ဖြစ်တည်လာပြီဖြစ်သည်။ မွန်ပြည်နယ်အပါအဝင် ပြည်နယ်နှင့်တိုင်းအသီးသီးမှာလည်း စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်သော ပညာရေးပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းနေသည်။ ဤသို့ဆိုလျှင် ကျွန်တော်တို့နိုင်ငံကို အနာဂတ်ရှိသည်ဟု သတ်မှတ်ရမည်ဖြစ်သည်။ ကျွန်တော်တို့ မျိုးဆက်သစ်များရဲ့ အနာဂတ်ကိုလှပအောင် ကြိုးစားပုံဖော်နေကြသည်။ မွန်ပြည်နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာအောင် ဒေသအာဏာပိုင်များ၊ ဒေသခံပြည်သူများက ကြိုးပမ်းနေကြသည်ကို တွေ့မြင်ခဲ့ရသည်။ အမှန်ပင် ကြည်နူးအားရမိပါ၏။ ယခုလို စာကြည့်တိုက်များ ရှင်သန်ခိုင်မာအောင် ဆောင်ရွက်နေကြခြင်းသည် မွန်ပြည်နယ်အပါအဝင် နိုင်ငံ၏အနာဂတ်ကို လှပအောင် ကြိုးပမ်းမှုများပင်ဖြစ်ပေသည်။ နိုင်ငံ၏အနာဂတ်သည် အမှန်ပင် သာယာလှပလာတော့မည်ဟု မြင်ယောင်ခံစားနေမိပါသည်။ ။

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၉

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့် အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖာ့ခ်ရူဒင်အာမက်(Dr. Fakruddin Ahmed)၏ ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် အောက်တိုဘာ ၇ရက် နံနက် ၁၀နာရီ ၁၀မိနစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ အထူးလေယာဉ်ဖြင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့သို့ ထွက်ခွာခဲ့ကြသည်။**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးတို့ ဦးဆောင်သော မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဇီယာအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဖေသန်းဦးနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဌာန အကြီးအကဲ ဗိုလ်မှူးချုပ် Abu Sayeed Khan တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အထူးလေယာဉ်ပေါ်မှ ဆင်းသက်လာသည်နှင့် အမြောက် ၁၉ ချက် ပစ်ဖောက်ဂုဏ်ပြုသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း တို့အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေး အရာရှိချုပ် ဒေါက်တာဖာ့ခ်ရူဒင်အာမက်နှင့် ဇနီး မစ္စစ်နီနာအာမက် (Mrs. Neena Ahmed)တို့က လေယာဉ်လှေကားထိပ်မှ ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း တို့အား ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကလေးငယ်နှစ်ဦးတို့က ဂုဏ်ပြုပန်းစည်း ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အကြံပေးအရာရှိချုပ် ဒေါက်တာဖာ့ခ်ရူဒင်အာမက်တို့သည် ဂုဏ်ပြုခံစင်မြင့်သို့ သွားရောက်ကြ၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော် သီချင်းနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သီချင်းတို့ကို တီးမှုတ်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များအား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖာ့ခ်ရူဒင်အာမက်က ၎င်းနှင့်အတူ ကြိုဆို နှုတ်ဆက်ကြသည့် Ministry of Finance, Planning and Commerce တာဝန်ခံအကြံပေးပုဂ္ဂိုလ် Dr. A.B Mirza Md. Azizul Islam Ministry of Home, Shipping and Liberation War Affairs တာဝန်ခံအကြံပေးပုဂ္ဂိုလ် ဗိုလ်ချုပ် M.A Matin၊ နိုင်ငံခြားရေးတာဝန်ခံ

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ■



**ကြိုဆိုနှုတ်ဆက်**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း တို့အား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖာ့ခ်ရူဒင်အာမက်နှင့် ဇနီး မစ္စစ်နီနာအာမက်တို့ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဇီယာ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။**

(သတင်းစဉ်)




နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဒါကာမြို့ရှိ Pan Pacific Sonargaon Hotel ၌ ကျင်းပသည့် ဂုဏ်ပြုညစာစားပွဲတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

# အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ခင်မင်ရင်းနှီးသည့်ဆက်ဆံရေးကို တိုးတက်မြှင့်တင်ရန်အစဉ်အလေးထား မိတ်ဆွေနိုင်ငံများဖြစ်သည့်အလျောက် သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသည့်အခါ အပြန်အလှန်အကူအညီပေးလေ့ရှိ

**ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး**

# သမိုင်းအစဉ်အလာအရ မိမိတို့နှစ်နိုင်ငံသည် ချစ်ကြည်ရင်းနှီးစွာ အတူတကွယှဉ်တွဲနေထိုင်ခဲ့ကြ နှစ်နိုင်ငံအကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ်မကျသင့်စေရန် ရှောင်ရှားရေးသဘောတူညီချက် လက်မှတ်ရေးထိုးနိုင်

**ဒေါက်တာဖှာခ်ရူဒင်အာမက်**

နေပြည်တော် အောက်တိုဘာ ၉

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖှာခ်ရူဒင်အာမက်နှင့် ဇနီးမစ္စစ်နီနာအာမက်တို့က အောက်တိုဘာ ၇ရက် ည ဈနာရီတွင် ဒါကာမြို့ရှိ Pan Pacific Sonargaon Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးတို့ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖှာခ်ရူဒင်အာမက်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ဂုဏ်ပြုညစာစားပွဲ ကျင်းပမည့် ဧည့်ခန်းမအတွင်းသို့ ရောက်ရှိနေရာယူပြီးသည်နှင့် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသီချင်းတို့ကို ဂုဏ်ပြုတီးမှုတ်သည်။

ထို့နောက် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖှာခ်ရူဒင်အာမက်က နှုတ်ဆက်မိန့်ခွန်းပြောကြားရာတွင် အဆွေတော်နှင့်ဇနီး ခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေးအဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ယခုကဲ့သို့ လာရောက်လည်ပတ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ သမိုင်းအစဉ်အလာအရ မိမိတို့နှစ်နိုင်ငံသည် ချစ်ကြည်ရင်းနှီးစွာအတူတကွ ယှဉ်တွဲနေထိုင်ခဲ့ကြသည့် နိုင်ငံများဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်များကိုလည်း အတူတကွ ရင်ဆိုင်ကြုံတွေ့နေရသော နိုင်ငံများဖြစ်သည်နှင့်အညီ ယင်းသဘာဝဘေးဒဏ်ကို အတူတကွပူးပေါင်းရင်ဆိုင် ကျော်လွှားသွားကြရမှာဖြစ်ကြောင်း။

ယနေ့ညနေပိုင်းတွင် မိမိတို့သည် နှစ်နိုင်ငံနှင့်သက်ဆိုင်သော အကျိုးတူကိစ္စရပ်များအပေါ် အကျိုးရှိရှိ ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြားဝင်ငွေအပေါ် အခွန်နှစ်ထပ်မကျသင့်စေရန် ရှောင်ရှားရေးသဘောတူညီချက်တစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ နောက်ထပ်အခြားသဘောတူညီချက်များကိုလည်း မကြာခင်ချုပ်ဆိုနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် တူညီသော စီးပွားရေးစိန်ခေါ်မှုများကို ရင်ဆိုင်နေရသော ဖွံ့ဖြိုးဆဲနိုင်ငံများ ဖြစ်ကြပါကြောင်း၊ ယင်းစိန်ခေါ်မှုများကို နီးကပ်စွာ အပြန်အလှန်ဆက်သွယ်ပူးပေါင်းမှုများဖြင့် ကျော်လွှားသွားကြရန်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အာဆီယံဆက်သွယ်ရေးအတွက် တံခါးဝဖြစ်သကဲ့သို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည်လည်း တောင်အာရှ



**ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာ ဖှာခ်ရူဒင်အာမက် ဒါကာမြို့ရှိ Pan Pacific Sonargaon Hotel ၌ ကျင်းပသည့် ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ဆက်မိန့်ခွန်းပြောကြားစဉ်။** (သတင်းစဉ်)

နှင့် အရှေ့တောင်အာရှအကြား ပေါင်းကူးတံတားဖြစ်ပါကြောင်း၊ ဤသို့ဖြင့် မိမိတို့နှစ်နိုင်ငံသည် ဒေသဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် ARF ၊ BIMSTEC နှင့် ACD တို့၌ အတူတကွပူးပေါင်းပါဝင်လျက်ရှိကြပါကြောင်း။

ယနေ့ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးကို အရှိန်အဟုန် မြှင့်တင်နိုင်မည့်ခရီးစဉ်ဖြစ်သည်ဟု ခိုင်ခိုင်မာမာယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ပြန်လည် မိန့်ခွန်းပြောကြားရာတွင် အဆွေတော်တို့ နိုင်ငံသို့ ပထမဦးဆုံးအကြိမ်အဖြစ် လာရောက်သည့် မိမိ၏ခရီးစဉ်၏ အဓိကရည်ရွယ်ချက်မှာ မိမိတို့ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်တိုးမြှင့် ခိုင်မာလာစေရန် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ခင်မင်ရင်းနှီးသည့် ဆက်ဆံရေးကို တိုးတက်မြှင့်တင်ရန် အစဉ်အမြဲ အလေးထားပါကြောင်း၊ နှစ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်မှုမှာလည်း မှန်မှန်တိုးတက်လာလျက်ရှိနေပါကြောင်း၊ အိမ်နီးချင်းမိတ်ဆွေနိုင်ငံများဖြစ်သည့်အလျောက် သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသည့်အခါမှာလည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် အကူအညီပေးလေ့ရှိပါကြောင်း၊ မိမိတို့နိုင်ငံ၌ နာဂစ်မုန်တိုင်းဒဏ်ခံရသည့်အခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ကူညီထောက်ပံ့ပေးခဲ့မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ တစ်ကမ္ဘာလုံးလွှမ်းခြုံဆက်နွှယ်နေသည့် ယနေ့ခေတ်ကာလ၌ ကမ္ဘာ့နိုင်ငံများသည် အတူတကွ စည်ပင်ဝပြောတိုးတက်ရေးအတွက် ရည်မှန်းပြီး နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများကို ဒေသအလိုက် တိုးမြှင့်လုပ်ဆောင်လာလျက်ရှိကြောင်း၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် မလိုလားအပ်သော စိန်ခေါ်မှုများနှင့်ရင်ဆိုင်ကြုံတွေ့နေရသည့်အတွက် အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်ရန် လိုအပ်လာကြောင်း၊ ဤသို့ဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မိမိတို့နိုင်ငံ၏ နှစ်နိုင်ငံချင်း ဆက်ဆံရေးကို ဘင်းစတက်၊ အေစီဒီနှင့် အေအာရ်အက်ဖ်ကဲ့သို့သော ဒေသဆိုင်ရာ အဖွဲ့အစည်းဆက်ဆံရေးအဆင့်အထိ တိုးချဲ့ပြီး ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ ဆာ့ခ် (SAARC) အသင်းမှာလည်း မြန်မာနိုင်ငံအနေဖြင့် တိုးချဲ့ပူးပေါင်းဆောင်ရွက်လာရန် အဆွေတော်၏ ထောက်ခံအားပေးမှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိ၏ ယခုခရီးစဉ်သည် နှစ်နိုင်ငံအစိုးရအချင်းချင်းသာမက နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြားပါ ရင်းနှီးချစ်ကြည်သည့် ဆက်ဆံရေးကို ပိုမိုခိုင်မြဲလာစေမည်ဟု ယုံကြည်မိပါကြောင်းဖြင့် ပြောကြားသည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖာ့ခ်ရူဒင်အာမက် ခေါင်းဆောင်သော အဖွဲ့ဝင်များ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။**
(သတင်းစဉ်)



❖ **ကျောဖုံးမှ**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းတို့ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖာ့ခ်ရူဒင်အာမက်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံအကြံပေးပုဂ္ဂိုလ် ဒေါက်တာ အစ်ဖ်တက်ကာအာမက်ချောင်ဒရီနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ယင်းနောက် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ညနေ ၄ နာရီတွင် စတင်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးဖေသန်းဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံအိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖာ့ခ်ရူဒင်အာမက်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံ အကြံပေးပုဂ္ဂိုလ် ဒေါက်တာအစ်ဖ်တက်ကာအာမက်ချောင်ဒရီ၊ Ministry of Finance, Planning and Commerce တာဝန်ခံ အကြံပေးပုဂ္ဂိုလ် Dr. A.B Mirza Md. Azizul Islam၊ Ministry of Home, Shipping and Liberation War Affairs တာဝန်ခံ အကြံပေးပုဂ္ဂိုလ် ဗိုလ်ချုပ် M.A Matin၊ Ministry of Agriculture and Water Resources တာဝန်ခံ အကြံပေးပုဂ္ဂိုလ် Dr. Chowdhury Sazzadul Karim၊ Ministry of Law, Justice and Parliamentary Affairs တာဝန်ခံ အကြံပေးပုဂ္ဂိုလ် Mr. A.F. M. Hassan Ariff ၊Ministry of Communication, Housing and Public Works တာဝန်ခံ အကြံပေးပုဂ္ဂိုလ် အငြိမ်းစားဗိုလ်ချုပ် Ghulam Quader၊ Ministry of Commerce and Education တာဝန်ခံအကြံပေးပုဂ္ဂိုလ် Dr. Hossain Zillur Rahman နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို အရှိန်မြှင့်တင်ရေး၊ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ရေး၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာ အဖွဲ့အစည်းများ၌ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေး စသည့်ကိစ္စများအပေါ် ကျယ်ကျယ်ပြန့်ပြန့် ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြပြီး မိမိတို့နိုင်ငံများ၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို အပြန်အလှန် ရှင်းလင်းပြောကြားကြသည်။

နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့ နှစ်နိုင်ငံအကြား သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပသည်။

လက်မှတ်ရေးထိုးပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံတို့အကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ်မကျသင့်စေရန် ရှောင်ရှားရေးနှင့် အခွန်ပေးဆောင်ခြင်းမှ လွှဲရှောင်မှုများအား ကာကွယ်တားဆီးရေးသဘောတူစာချုပ် (Agreement between the Government of the Union of Myanmar and the People's Republic of Bangladesh for the avoidance of the double taxation and the prevention of fiscal evasion with the respect to taxes on income) ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ Ministry of Finance, Planning and Commerce တာဝန်ခံအကြံပေးပုဂ္ဂိုလ် Dr. A.B Mirza Md. Azizul Islam တို့က လက်မှတ်ရေးထိုးကြပြီး သဘောတူစာချုပ်ကို အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အကြံပေးအရာရှိချုပ်ရုံး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး ခေတ္တတည်းခိုသည့်ဟိုတယ်သို့ ပြန်လည်ထွက်ခွာခဲ့သည်။

(သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ်နှင့် အဖွဲ့ဝင်များနှင့်အတူ ညစာသုံးဆောင်ကြသည်။

**တက်ရောက်**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ချစ်ကြည်ရေးအဖွဲ့ဝင်များအဖြစ် လိုက်ပါလာသော ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖာ့ခ်ရူဒင်အာမက်နှင့် ဇနီး၊ အိမ်စောင့်အစိုးရအဖွဲ့ဝင် တာဝန်ခံ အကြံပေးပုဂ္ဂိုလ်များ၊ အတွင်းဝန်များ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

**ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံတို့အကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ် မကျသင့်စေရန် ရှောင်ရှားရေးနှင့် အခွန်ပေးဆောင်ခြင်းမှ လွှဲရှောင်မှုများအား ကာကွယ်တားဆီးရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ ကျင်းပစဉ်။**
(သတင်းစဉ်)



# နေပြည်တော်ပျဉ်းမနားတပ်နယ် မိုးစပါးဧက ၃၀ စံပြစိုက်ခင်း တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၉

**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ပျဉ်းမနားတပ်နယ် နယ်မြေခံတပ်ရင်း၏ တစ်ဆက်တစ်စပ်တည်း မိုးစပါးဧက ၃၀ စံပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေးရာ စိုက်ခင်းတာဝန်ခံ ဗိုလ်မှူးမင်းဟိန်းက အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဆင်းရတနာ အထူးအထွက်ကောင်းစပါး (Hi-Yield) ၁၀ ဧက စိုက်ခင်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးက စိုက်သက်တမ်း ၈၉ ရက်ရှိ ရင့်မှည့်စပါးခင်းများကိုလည်းကောင်း၊ ပြသထားသော ဆင်းရတနာ စပါးမျိုးစေ့နမူနာများ၊ ကြိတ်ခွဲပြီး နမူနာဆန်များနှင့် ထမင်းနမူနာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။**

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သစ်တပ်ကုန်းကျေးရွာ တောင်သူနှစ်ဦး စိုက်ပျိုးထားရှိသော ဆင်းရတနာ အထူးအထွက်ကောင်း စပါး(Hi-Yield) နှစ်ဧက စိုက်ခင်းသို့ ရောက်ရှိရာ တောင်သူဦးဘိုညွန့်က စိုက်ပျိုးထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

နေပြည်တော်ပျဉ်းမနား တပ်နယ်အတွင်း ယခု မိုးစပါးရာသီတွင် အရည်အသွေးကောင်း ဆင်းရတနာ အထူးအထွက်ကောင်း (Hi-Yield) စပါးမျိုးများ စမ်းသပ်စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး အောက်တိုဘာလအတွင်း ရိတ်သိမ်းရရှိလာမည့် မျိုးကောင်းမျိုးသန့်စပါးများကို တောင်သူများလက်ဝယ်သို့ ဖြန့်၍ လာမည့် နွေစပါးရာသီတွင် အချိန်မီ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် စီမံဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ကြည့်ရှုစစ်ဆေး**

**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော်ပျဉ်းမနားတပ်နယ် နယ်မြေခံတပ်ရင်း၏ တစ်ဆက်တစ်စပ်တည်း မိုးစပါးဧက ၃၀ စံပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖာ့ခ်ရူဒင်အာမက်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

■ စာမျက်နှာ ၇ မှ

အကြံပေးပုဂ္ဂိုလ် ဒေါက်တာအစ်ဖ်တက်ကာ အာမက်ချောင်ဒရီ၊ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီးဌာန တာဝန်ခံ အကြံပေးပုဂ္ဂိုလ် Raja Devasish Roy၊ တပ်မတော်အရာရှိကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးတို့သည် လာရောက် ကြိုဆိုနှုတ်ဆက်သည့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့နာယက ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး Dr. Dora Rapold အား နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မိမိနှင့်အတူ လိုက်ပါလာကြသည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖာ့ခ်ရူဒင်အာမက်နှင့် ဇနီးတို့အား မိတ်ဆက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့အား မြန်မာသံရုံးမှ ကလေးငယ်နှစ်ဦးတို့က ဂုဏ်ပြုပန်းစည်းပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား မြန်မာနိုင်ငံသံအမတ်ကြီး ဦးဖေသန်းဦးနှင့် ဇနီးဒေါ်မြင့်မြင့်အေး၊ စစ်သံမှူး ဗိုလ်မှူးကြီးသိန်းလွင်နှင့်ဇနီး ဒေါ်မြင့်မြင့်တင်၊ သံရုံးနှင့် စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြု ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် ဇီယာအပြည်ပြည်ဆိုင်ရာ လေဆိပ်ပတ်ဝန်းကျင် အဓိကလမ်းမကြီးတစ်လျှောက်၊ လမ်းဆုံများ၊ အဝိုင်းများ၊ ခေတ္တတည်းခိုသည့် ဟိုတယ်တို့၌ နှစ်နိုင်ငံအလံများကို စိုက်ထူထားပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ဆိုင်းဘုတ်များကိုလည်း ရေးသားချိတ်ဆွဲထားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးတို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ဒါကာမြို့ရှိ Pan Pacific Sonargaon Hotel သို့ရောက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံအကြံပေးပုဂ္ဂိုလ် ဒေါက်တာ အစ်ဖ်တက်ကာအာမက်ချောင်ဒရီသည် ညနေ ၃ နာရီတွင် ခေတ္တတည်းခိုသည့် Pan Pacific Sonargaon Hotel ရှိ ဧည့်ခန်းမသို့ လာရောက်၍ ဂါရဝပြု တွေ့ဆုံနှုတ်ဆက်သည်။

ထို့သို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဖေသန်းဦးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)



## တွေ့ဆုံနှုတ်ဆက်

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးအား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန တာဝန်ခံ အကြံပေးပုဂ္ဂိုလ် ဒေါက်တာ အစ်ဖ်တက်ကာ အာမက်ချောင်ဒရီ ဒါကာမြို့ရှိ Pan Pacific Sonargaon Hotel ရှိ ဧည့်ခန်းမ၌ ဂါရဝပြု တွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)

### ▲ ကျောဖုံးမှ

ဆက်နွယ်သည့် ဘေးအန္တရာယ်များ မဖြစ်ပွားစေရေးအတွက် သက်ဆိုင်ရာက စနစ်တကျဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံရှိ ကုမ္ပဏီတစ်ခုမှ တင်သွင်းထားသော(၂၅)ကီလိုဂရမ်ဝင် နို့မှုန့် (၄၆၀)အိတ်သည် မယ်လမင်းပါဝင်ကြောင်း တွေ့ရှိရသဖြင့် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက ၄င်းနို့မှုန့်များကို မီးရှို့ဖျက်ဆီးခဲ့ပြီး ဈေးကွက်ရှိ လက်ကျန်ပစ္စည်းများကို လိုက်လံသိမ်းဆည်းခဲ့ပါသည်။ ၄င်းအပြင် ရန်ကုန်မြို့နှင့် မန္တလေးမြို့ ဈေးကွက်များရှိ ကုမ္ပဏီ(၈)ခုမှ တင်သွင်းသော နို့မှုန့် (၈) မျိုးကိုလည်း စမ်းသပ်စစ်ဆေးလျက်ရှိကြောင်းနှင့် ယင်းသို့စစ်ဆေးနေစဉ်အတွင်း ပြည်သူများအနေဖြင့် နို့မှုန့်နှင့် နို့ထွက်ပစ္စည်းများကို သုံးစွဲခြင်းမပြုရေး သက်ဆိုင်ရာက နှိုးဆော်ထားကြောင်းသတင်းကို ၅-၁၀-၂၀၀၈ ရက်ထုတ် သတင်းစာများတွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှတင်သွင်းပြီး ပြည်တွင်း၌ ပြန်လည်ဖြန့်ဖြူးရောင်းချခြင်းနှင့် ပြန်လည်ပြုပြင် ထုပ်ပိုးရောင်းချခြင်းပြုနေသည့် နို့မှုန့်(၁၆)မျိုးကို ကျန်းမာရေးဝန်ကြီးဌာနနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်း စက်ရုံ(ရန်ကုန်)နှင့် ဆေးဝါးထုတ်လုပ်မှုနည်းပညာ ဖွံ့ဖြိုးရေးဌာနတို့က Melamine Assay Test Kit ဖြင့် စမ်းသပ်စစ်ဆေးခဲ့ရာ နို့မှုန့်အမျိုးအစား (၇)မျိုးမှာ မယ်လမင်းပါဝင်မှုမရှိကြောင်း တွေ့ရှိရပြီး (၉)မျိုးမှာ မယ်လမင်းပါဝင်ကြောင်း တွေ့ရှိရသည်။ အဆိုပါ မယ်လမင်းပါဝင်ကြောင်း တွေ့ရှိရသော နို့မှုန့်အမျိုးအစားများမှာ-

(က) Star Milk Powder (20 gm)
(ခ) Crown
(ဂ) Happy Baby Toys
(ဃ) Dulac (Dumex) step 1
(INFANT FORMULA)
(င) Star (450 g)
(စ) Mandalay-Raw Milk Powder
(ဆ) Whole Sweet Milk Powder (Two Cows, Shi Lin)
(ဇ) RAIN BOW Milk Powder
(ဈ) Enfagrow Milk Powder တို့ဖြစ်သည်။

၃။ သို့ဖြစ်၍ အဆိုပါ ပြည်သူများစားသုံးရန်မသင့်သော မယ်လမင်းပါဝင်သည့် နို့မှုန့်များကို မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း၊ ပြည်တွင်းတွင် ပြန်လည်ပြုပြင် ထုပ်ပိုးရောင်းချခြင်း၊ အဆိုပါ နို့မှုန့်များကိုအသုံးပြုပြီး စားသောက်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်ရောင်းချခြင်းများကို ပိတ်ပင်တားမြစ်လိုက်သည်။

**အမိန့်အရ**

**(ပုံ) သန့်ရှင်း**
**(ဗိုလ်မှူးကြီး)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့**

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၀-၁၀-၂၀၀၈ (သောကြာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အတီးပြိုင်ပွဲ
၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈း၀၀ ၆။ **"ဆုံစည်းခွင့်" (ဖိုးသောကြာ၊ မင်းထက်ကျော်ဇင်၊ မြတ်ကေသီအောင်၊ ချစ်သုဝေ) ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)**
၈း၁၀ ၇။ အကပြိုင်ပွဲ
၈း၂၀ ၈။ ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး / ခေတ်ဟောင်းတေး) (အခြေခံပညာ ၁၀-၁၅နှစ်) (အမျိုးသမီး)
၈း၃၀ ၉။ International News.
၈း၄၀ ၁၀။ ကြေးမုံရိပ်သွင်တေးနှုယဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အတီးပြိုင်ပွဲ
၄း၂၅ ၃။ တေးဂီတအစီအစဉ်
၄း၃၅ ၄။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၄း၄၅ ၅။ အကပြိုင်ပွဲ
၄း၅၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ - ပထမနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅း၁၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၂၀ ၈။ **"သူငယ်ချင်းမရှိတဲ့ဥပဒေ" (မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ကေရီကျော်ကျော်) ဒါရိုက်တာ-မောင်ယဉ်ကျော်**
၅း၃၀ ၉။ နှောင်းခေတ်တေးပဒေသာ
၅း၄၀ ၁၀။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
၅း၅၀ ၁၁။ ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး/ခေတ်ဟောင်းတေး) (အခြေခံပညာ ၁၀-၁၅နှစ် ) (အမျိုးသား)
၆း၀၀ ၁၂။ ညနေခင်းသတင်း
၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆း၄၀ ၁၄။ သုတစုံလင်ရွှေညဏ်ရှင်
၇း၁၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကုန်သွယ်မှန်တိုင်း" (အပိုင်း-၁၆)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၃၆)**
၂၀။ အစီအစဉ်ပြီး၏။

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ

## ရန်ကုန်တိုင်းစက်မှုဇုန်များအတွင်းရှိ စက်ရုံများ၏ ကုန်ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၉

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးမီထုတ်ကုန်များ ပိုမိုထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ရေးနှင့် သွင်းကုန်အစားထိုး ကုန်ပစ္စည်းများ ကျယ်ပြန့်စွာထုတ်လုပ်နိုင်ရေးတို့အတွက် ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဇုန်များအတွင်းရှိ စက်ရုံများ၏ ကုန်ထုတ်လုပ်မှုအဆင့်ဆင့် တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။**

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် မြောက်ဥက္ကလာပစက်မှုဇုန်ရှိ Super Mega Engineers Group & Trading စက်ရုံဝင်း သံရည်ကျိုစက်ရုံနှင့် AMCစပါးခြွေလှေ့စက်နှင့် လယ်ယာသုံး ပစ္စည်းစက်ရုံတို့သို့ ရောက်ရှိပြီး စက်ရုံအတွင်း သွင်းကုန်အစားထိုး ပစ္စည်းများထုတ်လုပ်နေမှု အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

မြောက်ဥက္ကလာပ စက်မှုဇုန်သည် ယခင်က စက်မှုလက်မှုရပ်ကွက် တစ်ခုသာဖြစ်ပြီး ၁၉၉၈ ခုနှစ်တွင် စက်မှုဇုန်အဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ကာ လည်ပတ်စက်ရုံ ၉၅ ရုံ၌ လုပ်သားအင်အား ၄၂၄၉ ဦးတို့ဖြင့် စားသောက်ကုန်၊ အဝတ်အထည်၊ လူသုံးကုန်ပစ္စည်း၊ အိမ်သုံးပစ္စည်း၊ ကုန်ကြမ်းပစ္စည်း၊ ဓာတ်သတ္တုပစ္စည်း၊ စိုက်ပျိုးရေး ကိရိယာထုတ်ပစ္စည်း၊ စက်မှုသုံးကိရိယာများနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များ၊လျှပ်စစ်ပစ္စည်းများကို သွင်းကုန်အစားထိုး ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ဒဂုံမြို့သစ် (အရှေ့ပိုင်း) စက်မှုဇုန်ရှိ NIBBAN Electric & Electronics စက်ရုံ၊ NWS Co., Ltd. ၏ သစ်အချောထည် စက်ရုံနှင့် Diamond Star Co., Ltd. ၏ ဂျုံ စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း) စက်မှုဇုန်ကို ၂၀၀၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး လည်ပတ်စက်ရုံ ၃၄ ရုံ၌ အလုပ်သမားအင်အား ၂၁၉၆ ဦးဖြင့် စားသောက်ကုန်၊ သစ်တောထွက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ သံနှင့် သံမဏိ၊ လူသုံးကုန်၊ စက္ကူနှင့် စာရေးကိရိယာ၊ အထွေထွေစက်မှုကုန်ပစ္စည်းများကို သွင်းကုန်အစားထိုး ထုတ်လုပ်လျက်ရှိကြောင်းသိရသည်။

(သတင်းစဉ်)



**ကြည့်ရှုစစ်ဆေး**

**ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ မြောက်ဥက္ကလာပ မြို့နယ် မြောက်ဥက္ကလာပ စက်မှုဇုန်ရှိ Super Mega Engineers Group & Trading စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)



**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံမြို့သစ်(အရှေ့ပိုင်း) စက်မှုဇုန်ရှိ NIBBAN Electric & Electronics စက်ရုံကိုတွေ့ရစဉ်။**

(သတင်းစဉ်)

## မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)မှ ကယ်ဆယ်ရေးလုပ်ငန်းဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၉**

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)မှ ဆောင်ရွက်ခဲ့သော နာဂစ်လေဘေး ကယ်ဆယ်ရေးလုပ်ငန်းများကို ကဏ္ဍအသီးသီးမှ တင်ပြဆွေးနွေးသည့် Post Nargis Seminar ကို အောက်တိုဘာ ၁၂ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ် (၂၄၉)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ပါ၍ ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော ဆရာဝန်များနှင့် စေတနာရှင်များ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## လမ်းပန်းဆက်သွယ်မှု ပိုမိုလွယ်ကူချောမွေ့စေမည့် ဗန်းမော်လေယာဉ်ကွင်း

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
ကျော်ကျော်(ဗန်းမော်)

ကချင်ပြည်နယ်အတွင်းရှိ ဗန်းမော်ဒေသသည် တစ်ချိန်က လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသဖြစ်သည်။ ဗန်းမော်သို့သွားလျှင် ရေလမ်းခရီးကိုသာ အဓိကအားထားရသည်။ ထို့ကြောင့် ခရီးလမ်းခက်ခဲပြီး အရောက်အပေါက်နည်းသဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခဲ့ရသည်။

တပ်မတော်အစိုးရလက်ထက်တွင် မြို့ပြများသာမက ဝေးလံခေါင်သီသည့် ဒေသများပါမကျန် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန် အဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် မန္တလေး-မိုးကုတ်-မိုးမိတ်-မဘိမ်း-မံစီမှ ဗန်းမော်အထိ ၃၀၂ မိုင်ရှည်လျားသော လမ်းနှင့် ၁၁၅ မိုင်ရှည်လျားသော မြစ်ကြီးနား-ဗန်းမော်လမ်းတို့ကို နိုင်ငံတော်က ဖောက်လုပ်ပေးထားသည်။

ဗန်းမော်ဒေသသို့သွားလျှင် အဆိုပါကားလမ်းမှ သွားလာနိုင်သည့်အပြင် ရေလမ်းမှလည်း သွားလာနိုင်သည်။ သွားလာမှု ပိုမိုလွယ်ကူစေသည့် လေကြောင်းခရီးစဉ်များလည်း ဗန်းမော်တွင်ရှိနေသည်။ လေယာဉ်ကွင်းစတင်တည်ဆောက်စဉ်က မြေသားလမ်းအဖြစ်တည်ရှိခဲ့သော ဗန်းမော်လေယာဉ်ကွင်းသည် နောက်ပိုင်းကာလများ၌ ပေ ၂၀၀၀ ကျော် ၄ လက်မထု ကတ္တရာလေယာဉ်ပြေးလမ်းမှ ၂၁ လက်မထု ကတ္တရာလေယာဉ်ပြေးလမ်းအထိ ဖောက်လုပ်ပေးခဲ့သည်။

ယခုအခါ နိုင်ငံတော်က ဒေသခံတိုင်းရင်းသားပြည်သူများ၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ဗန်းမော်ဒေသတွင် ၂၀၀၂ ခုနှစ် စက်တင်ဘာလမှစ၍ ခေတ်မီလေယာဉ်ပြေးလမ်းများ တိုးချဲ့တည်ဆောက်ရေး စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့သည်။ ပထမအဆင့်အနေဖြင့် နိုင်လွန်ကတ္တရာ ပေ၇၅၀၀×၁၀၀ လေယာဉ်ပြေးလမ်းအဖြစ် တည်ဆောက်ခြင်း၊ ဒုတိယအဆင့်အနေဖြင့် လေယာဉ်ပြေးလမ်း ပေ ၇၅၀၀×၁၀၀ အား ပေ ၈၅၀၀ × ၁၀၀ ရရှိသည်အထိ မြောက်ဘက်သို့ ပေ ၁၀၀၀ တိုးချဲ့ခြင်းနှင့်လေယာဉ်ရပ်နားရာနေရာ ပေ၃၀၀×၂၀၀အား နိုင်လွန်ကတ္တရာဖြင့် ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် လျာထားချမှတ်ဆောင်ရွက်ခဲ့သည်။ ယခုအခါတွင် တည်ဆောက်မှုလုပ်ငန်းများ အားလုံးပြီးစီး၍ လေယာဉ်ပြေးလမ်း မီးတပ်ဆင်မှုလုပ်ငန်းသာကျန်ရှိနေရာ ပြေးလမ်းမီးတပ်ဆင်မှုမှာလည်း ရာခိုင်နှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဗန်းမော်မြို့သည် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပေါ် တည်ရှိသည့်မြို့ဖြစ်သည့်အတွက် ကုန်သည်များ အဝင်အထွက်များသည့်နေရာ ဖြစ်သကဲ့သို့ သဘာဝပတ်ဝန်းကျင်အလှအပများ ပိုင်ဆိုင်တည်ရှိသည့်ဒေသ ဖြစ်သည့်အတွက် နိုင်ငံခြားဧည့်သည်များ လာရောက်လည်ပတ်မှုများရာ ဒေသလည်းဖြစ်သည်။ အချိန်တိုအတွင်း သွားလာလိုသည့် ခရီးသွားများ ခရီးစဉ်နှောင့်နှေးကြန့်ကြာမှုမရှိစေရန်ရည်ရွယ်၍ နိုင်ငံတော်က ဗန်းမော်လေယာဉ်ကွင်းကို အဆင့်မြင့် တိုးချဲ့တည်ဆောက်ပေးနိုင်သောကြောင့် ဂျက်လေယာဉ်များ ဆင်းတက်နိုင်ပြီး ခရီးသွားလာမှုမှာ ပိုမိုလွယ်ကူချောမွေ့လာကာ ခရီးသွားများ ဝမ်းသာပီတိဖြစ်လျက်ရှိကြောင်း သိရသည်။



ဗန်းမော်လေဆိပ် အဆောက်အအုံနှင့် လေယာဉ်ပြေးလမ်းတို့ကို တွေ့ရစဉ်။

အတည်ပြုချိန် ၃း၁၀

# မဲခေါင်မြစ်အထက်ပိုင်း ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ လေးနိုင်ငံပူးတွဲညှိနှိုင်းကော်မတီ၏ သတ္တမအကြိမ်အစည်းအဝေးဖွင့်ပွဲ ကျင်းပ

နေပြည်တော် 　 အောက်တိုဘာ 　 ၉

**ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ပါဝင်ဖွဲ့စည်းထားသော မဲခေါင်မြစ်အထက်ပိုင်း ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ လေးနိုင်ငံပူးတွဲ ညှိနှိုင်းကော်မတီ၏ သတ္တမအကြိမ် အစည်းအဝေးဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ကျင်းပသည်။**

အစည်းအဝေးသို့ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ အဖွဲ့ဝင်နိုင်ငံလေးနိုင်ငံမှ ကိုယ်စားလှယ်များ၊ ပို့ဆောင်ရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မဲခေါင်မြစ်အထက်ပိုင်း ကုန်သွယ်ရေကြောင်းသွားလာရေး ဆိုင်ရာ မြန်မာနိုင်ငံပူးတွဲညှိနှိုင်းကော်မတီဝင် ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရေကြောင်းပညာသိပ္ပံကျောင်းအုပ်ကြီးနှင့်လေ့လာသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အဖွင့်အမှာစကား ပြောကြားရာတွင် မဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များအနက်မှ တစ်ခု အပါအဝင်ဖြစ်သည့် မဲခေါင်မြစ်အထက်ပိုင်း ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာ ပူးတွဲညှိနှိုင်းကော်မတီသည် အရေးကြီးသော ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းဖြစ်ပြီး အရှိန်အဟုန်နှင့် တိုးတက်ဆောင်ရွက်နေသည်ကိုတွေ့မြင်ရကြောင်း၊ မဲခေါင်မြစ်ဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများ၊ ရေယာဉ်စုများပိုမိုတိုးတက်အောင်ဆောင်ရွက်နေသည့် တစ်ချိန်တည်းမှာပင် မြစ်ကြောင်း၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းကိုလည်း ဦးစားပေးလျက် အရေးယူဆောင်ရွက်သွားရန် လိုမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။





အဆိုပါအစည်းအဝေးကို အောက်တိုဘာ ၉ ရက်အထိ ကျင်းပပြီး မဲခေါင်မြစ်အထက်ပိုင်း ရေလမ်းကြောင်း ပြုပြင်ထိန်းသိမ်းရေး ဆိုင်ရာ ကိစ္စရပ်များ၊ မဲခေါင်မြစ်အထက်ပိုင်းတွင် ခုတ်မောင်းသွားလာသော ရေယာဉ်များအတွက် ဆိပ်ကမ်း အခွန်အခနှင့် စစ်ဆေးခများဆိုင်ရာ နည်းဥပဒေပြဋ္ဌာန်းနိုင်ရေး ကိစ္စရပ်များနှင့် ရေနံနှင့် ရေနံထွက်ပစ္စည်းများ သယ်ယူပို့ဆောင်ရေး ကိစ္စရပ်များကို အဓိကထားဆွေးနွေး ညှိနှိုင်းကြသည်။

(သတင်းစဉ်)

# ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မူလတန်းလွန်ကျောင်းဆောင်သစ် အုတ်မြစ်စီမင်္ဂလာ အခမ်းအနားသို့ တက်ရောက်

နေပြည်တော် 　 အောက်တိုဘာ 　 ၉

**အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့ နံနက် ၇ နာရီတွင် မုံရွာမြို့နယ် ကျောက္ကာမြောက်ရွာ အမှတ်(၉၀) မူလတန်းလွန်ကျောင်း၌ ကျင်းပသည့် ကျောင်းဆောင်သစ် အုတ်မြစ်စီမင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။**

အစီအစဉ်အရ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မုံရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်ထူး၊ စစ်ကိုင်းတိုင်း ပညာရေးမှူး ဦးသန်းထွန်းနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ် တည်ဆောက်မည့် သတ်မှတ်နေရာ အသီးသီးတို့၌ မင်္ဂလာအုတ်များကို စီထားပေးကြသည်။ ယင်းနောက် ဝန်ကြီးက အမှာစကား ပြောကြားပြီး အလှူရှင်များက ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ယခုဆောက်လုပ်မည့် ကျောင်းဆောင်သစ်မှာ အလျား ပေ ၇၀၊ အနံ ၂၄ ပေရှိ တစ်ထပ်အုတ်ညှပ် သွပ်မိုးကျောင်းဆောင်ဖြစ်ပြီး ငွေကျပ်သိန်း ၂၅၀ အကုန်အကျခံ တည်ဆောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**၂၀၀၈ ခုနှစ် အာဆီယံ-ကိုရီးယား သတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်များ လေ့လာရေး အပြန်အလှန်စေလွှတ်ရေး အစီအစဉ် အရ ကိုရီးယားသမ္မတနိုင်ငံသို့ သွားရောက်ကြမည့် ပြန်ကြားရေး ဝန်ကြီးဌာန ပုံနှိပ်ရေး နှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးရဲတင့်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး (စီမံ) ဦးတင်စိန်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးမြင့်ဆွေတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။** (သတင်းစဉ်)





**အဌမအကြိမ်မြောက် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲဖွင့်ပွဲတွင် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင် အဖွင့်အမှာစကား ပြောကြားစဉ်။** (အား/ကာ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၀-၁၀-၂၀၀၈ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၁၅ ၄။ မဟာဂီတချိုကြည်မြ
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၄၀ ၇။ မြန်မာစာမြန်မာစကား (အပိုင်း-၈)
- ၅း၀၀ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သံမဏိစိတ်ဓာတ် (အပိုင်း-၁၂)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ စိုက်ပျိုးသုတ
- ၂၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -နှင်းတောင်သူရဲကောင်း (အပိုင်း -၃၅)**
- ၂၃။ သင့်အတွက် မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

# မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၉**

အဌမအကြိမ်မြောက် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲကို အောင်ဆန်း အားကစား ပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ယမန်နေ့တွင် စတင်ကျင်းပရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်က အဖွင့်အမှာ စကား ပြောကြားပြီးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲတွင် အသင်းကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်က အလှူငွေကျပ် ၁၅ သိန်း လှူဒါန်းသည်။

ပြိုင်ပွဲတွင်အနိုင်ရအသင်းများအား ပထမ ကျပ်တစ်သိန်း၊ ဒုတိယ ကျပ်ခုနစ်သောင်း၊တတိယကျပ်ငါးသောင်း ချီးမြှင့်သွားမည်ဖြစ်ပြီး ပြိုင်ပွဲနောက်ဆုံးနေ့တွင် ပထမ၊ ဒုတိယနှင့် တတိယရ အသင်းသုံးသင်းအား ချန်လှပ်၍ ကျန်အသင်းများအား DVD စက်နှစ်လုံးကို မဲဖောက်ကံစမ်းစေမည်ဖြစ်သည်။

ပြိုင်ပွဲကို အောက်တိုဘာ ၈ ရက်မှ ၁၂ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ဆက်သွယ်လှူဒါန်းမည်**

အလှူရှင်များ ပံ့ပိုးကူညီမှုဖြင့် နာဂစ်မုန်တိုင်းကြောင့် ပျက်စီးသွားသော ရန်ကုန်တိုင်းအတွင်းရှိ ခြင်းလုံးရုံ ၂၀ အား ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေများကို ခြင်းလုံးရုံများသို့ ဆက်လက်လှူဒါန်းသွားမည်ဖြစ်သည်။ (အား/ကာ)

**အတည်ပြုချိန် ၁း၁၀**

**အမှာစကားပြောကြား**

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ပါဝင်ဖွဲ့စည်းထားသော မဲခေါင်မြစ်အထက်ပိုင်း ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာ လေးနိုင်ငံ ပူးတွဲညှိနှိုင်းကော်မတီ၏ သတ္တမအကြိမ် အစည်းအဝေးဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

# i Love Myanmar မှ ငွေကျပ် ၁၈၆ သိန်းလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၉

**အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး၊ အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးနှင့်ကြီးကြပ်ရေးအဖွဲ့ ဉက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်နှင့် တာဝန်ရှိသူများထံ အလှူရှင် Mr. Charles Mang Lian Thang (i Love Myanmar) မှ လူနေအိမ် ၃၁ လုံး ဆောက်လုပ်ရန် ငွေကျပ် ၁၈၆ သိန်းကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန မေခလာခန်းမသို့ လာရောက်ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။**

i Love Myanmar အဖွဲ့သည် မုန်တိုင်းသင့်ဒေသပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် လူနေအိမ်များလှူဒါန်းလျက်ရှိရာ ပထမအကြိမ်တွင် ဘိုကလေးမြို့နယ် ဒေါင့်ကြီးအုပ်စု ဒေါင့်ကြီးကျေးရွာ၌ လူနေအိမ်၁၄၈လုံး၊ သဲချောင်းကျေးရွာ၌ လူနေအိမ်၁၃၈လုံး စုစုပေါင်း အိမ် ၂၈၆ လုံးအတွက် ငွေကျပ် ၁၇၁၆ သိန်း၊ ဒုတိယအကြိမ်တွင် လပွတ္တာမြို့နယ် ပြင်အလန်းအုပ်စု အမတ်ကြီးရွာ၌ အိမ်အလုံး၅၀၊ အမတ်ကလေးရွာ၌ အိမ်အလုံး ၅၀၊ အိုင်မရွာ၌ အိမ်အလုံး ၈၀၊ သာယာကုန်းရွာ၌ အိမ်အလုံး ၅၀ စုစုပေါင်း လူနေအိမ် ၂၃၀ အတွက် FEC ၁၃၈၀၀၀၊တတိယအကြိမ်တွင်လပွတ္တာမြို့နယ် ဆားချက်အုပ်စုသိပ္ပံကုန်းကြီးကျေးရွာ၌အိမ်၈၈လုံး၊ ပိတောက်ကုန်းကျေးရွာ၌ အိမ်၄၆လုံး၊ သာလူဖတောကျေးရွာ၌ အိမ်အလုံး၁၅၀၊ ဆားချက်ကျေးရွာ၌ အိမ်အလုံး၁၈၀၊ ကကရိကျေးရွာ၌ အိမ် ၃၆ လုံး စုစုပေါင်း လူနေအိမ်အလုံး ၅၀၀ အတွက် ငွေကျပ်သိန်း ၃၀၀၀ တို့ကိုလှူဒါန်းခဲ့ပြီး ယခုစတုတ္ထအကြိမ်တွင် ဘိုကလေးမြို့နယ် ဒေါင့်ကြီးအုပ်စု ထော်ပိုင်လေးကျေးရွာ၌ လူနေအိမ် ၃၁ လုံးအတွက် ငွေကျပ်၁၈၆သိန်းကိုပေးအပ်လှူဒါန်းခြင်းဖြစ်သည်။ i Love Myanmar အဖွဲ့အနေဖြင့် လေဘေးသင့်ဒေသပြည်သူများအတွက်လူနေအိမ်၊ စက်လှေ၊ငါးဖမ်းပိုက်၊ လယ်ထွန်စက်၊ ဆေးဝါး၊ဆန်နှင့် အခြားအစားအစာမျိုးစုံ၊ အဝတ်အထည်၊ဖျာ၊ခြင်ထောင်၊ခေါင်းအုံး၊ စောင်၊ စာအုပ်၊ ခဲတံ၊ လွယ်အိတ်၊ ဒန်အိုး၊ ဒန်ခွက်၊ ဇွန်း၊ ပန်းကန် စုစုပေါင်းငွေကျပ် ၁၀၁၇၇ သိန်းကို ပေးအပ်လှူဒါန်းပြီးဖြစ်သည်။

i Love Myanmar အဖွဲ့သည် လေဘေးသင့်ဒေသပြည်သူများအတွက် မုန်တိုင်းဒဏ်ခံ အဆောက်အအုံများနှင့်စာသင်ကျောင်းများကို ဆက်လက်ဆောက်လုပ် လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





**ဆားလင်းကြီးမြို့နယ် ဖောင်းကတာကျေးရွာတွင် ထပ်ဆင့်မြစ်ရေတင်စနစ်ဖြင့် ယာမှလယ်ပြောင်း၍ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို တွေ့ရစဉ်။** (သတင်း-ဖော်ပြပြီး)

(သတင်းစဉ်)

## ပေးအပ်လှူဒါန်း

**အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး၊ အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဉက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေထံ အလှူရှင် Mr.Charles Mang Lian Thang (i Love Myanmar)မှ လူနေအိမ် ၃၁ လုံး ဆောက်လုပ်ရန် ငွေကျပ် ၁၈၆ သိန်းကို ပေးအပ်လှူဒါန်းစဉ်။**

(လူမှုဝန်ထမ်း)

# အချစ်ကလန်းတယ်ဇာတ်ကား ဆက်လက်ပြသ

**ရန်ကုန် အောက်တိုဘာ ၉**

ယခုသောကြာပတ် အောက်တိုဘာ ၁၀ ရက်တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင်ဇာတ်ကားသစ်ရုံတင်ခြင်းမရှိဘဲ ပြသဆဲ မြန်မာဟာသဇာတ်ကားဖြစ်သည့် **အချစ်ကလန်းတယ်** ကားတစ်ကားတည်းသာ သမ္မတ၊ သွင်နှင့်မင်္ဂလာရုံများတွင် ဆက်လက်ပြသမည်ဖြစ်သည်။ လူငယ်ကြိုက် မျိုးမျိုးကွဲကွဲ ဇာတ်ကားများကိုသာရိုက်ကူးလေ့ရှိသည့်လူငယ် ဒါရိုက်တာညီညီထွန်းလွင်၏ ယခုဇာတ်ကားမှာလည်း ၎င်း၏ဟန်ပန်အတိုင်းပင် ဇာတ်ကားအစမှအဆုံးတိုင် တဝါးဝါး တဟားဟား အူတက်မတတ်ရယ်ရမည့် ဇာတ်ဝင်ခန်းများစွာဖြင့် ဟာကွက်မရှိအောင် ရိုက်ကူးထားသည့်အပြင်နောက်ဆုံးပေါ် ခေတ်မီရုပ်သံစနစ်များကို အသုံးပြုထားသည့်အတွက် အရုပ်နှင့်အသံတွင် အခြား မြန်မာရုပ်ရှင်ကားများနှင့်မတူ တစ်မူထူးခြားစွာဖြင့် ကြည်လင်ပြတ်သားစွာ ခံစားကြည့်ရှုရမည့် မြန်မာဇာတ်ကားကောင်း တစ်ကားဖြစ်သည်။ နေပြည်တော်ရုံတွင် ဒါရိုက်တာTimur Bekmambetove ရိုက်ကူးပြီး ဟောလိဝုဒ်နာမည်ကြီး သရုပ်ဆောင် အင်ဂျလီနာဂျိုလီနှင့် ဂျိမ်းမက်ကွိုင်းတို့ ပါဝင်သည့် WANTEDဇာတ်ကား ပြသမည်ဖြစ်သည်။လူသတ်ဂိုဏ်းတစ်ဂိုဏ်း၏ သားကောင်ဖြစ်ခဲ့ရသူတစ်ဦး၏ သားကမိမိဖခင်အတွက်ဂိုဏ်းခေါင်းဆောင်အား လိုက်လံကလဲ့စားချေပုံကို လျို့ဝှက်သည်းဖို ရိုက်ကူးထားသည့် စွန့်စားမှု အသားပေးဇာတ်ကြမ်းကား တစ်ကား ဖြစ်သည်။

ရွှေဆောင်ရုံတွင် ဒါရိုက်တာ Goldie Behl ရိုက်ကူးပြီး မင်းသား အဘီးရှက်ဘာချန်၊ ကေကေမီနွန်နှင့်နာမည်ကြီးသရုပ်ဆောင် မင်းသမီးပရီရန်ကာချွတ်ပရားတို့ပါဝင်သည့် ဒရိုနာ (DRONA) သူ့ရဲကောင်း အိန္ဒိယဇာတ်ကား ပြသမည်ဖြစ်သည်။ အင်္ဂလိပ်စာတန်းထိုးအချစ်နှင့်စွန့်စားခန်းများကို အသားပေးရိုက်ကူးထားသည့် လျို့ဝှက်ဆန်းကြယ်ဇာတ်ကားတစ်ကားဖြစ်သည်။

**အိန္ဒိယရုပ်ရှင်**

ဘုရင့်ရုံတွင် ဒါရိုက်တာဒေးဗစ်ဒါဝမ် ရိုက်ကူးပြီး ဆလာမန်ခန်းနှင့်ကရစ်ရှ်နာကာပူတို့ပါဝင်သည့် DHULAN HUM LEJAYENGE ဇာတ်ကား ဆုထူးပန်ရုံတွင်ဆူနီးရှက်တီးနှင့်ရာဇီနာတန်ဒွန်းတို့ပါဝင်သည့်OFFICER ဇာတ်ကားနှင့် မြို့မရုံတွင် စူပါမင်းသားရှာရွတ်ခန်းနှင့်ဆာလ်မန်ခန်းတို့ပါဝင်သည့်(KARANARJUN) ဝိညာဉ်ညီနောင်ဟန္ဒီစကားပြောအိန္ဒိယဇာတ်ကားများပြသမည်ဖြစ်သည်။

**ချစ်တော့ချစ်တယ်အလိုမလိုက်ဘူး အောက်တိုဘာ၁၇ရက်ရုံတင်ပြသမည်**

ဒါရိုက်တာမိုက်တီး၏ လက်ရာဖြစ်သည့် "ချစ်တော့ချစ်တယ် အလိုမလိုက်ဘူး" မြန်မာဇာတ်ကားသစ် အောက်တိုဘာ၁၇ရက်တွင် မြို့လယ်ရုံများ၌ ရုံတင်ပြသတော့မည်ဖြစ်သည်။ ၎င်းဇာတ်ကားတွင် လွင်မိုး၊ ရာဇာနေဝင်း၊ ခန့်စည်သူ၊ ပြေတီဦး၊ လင်းဇာနည်ဇော်၊ ခိုင်သင်းကြည်တို့ ခေါင်းဆောင် ပါဝင်ထားကြသည်။

(ကြေးမုံ)



**အချစ်ကလန်းတယ် ဟာသဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။**

ကြေးမုံ The Mirror အင်တာနက်အာကာသလေ့လာမှု

# ကက်ဆီနီအာကာသယာဉ် စနေဂြိုဟ်၏ လကို အောက်တိုဘာအတွင်း ချဉ်းကပ်၍လေ့လာမည်



**စနေဂြိုဟ်အနီးသို့ ချဉ်းကပ်ပျံသန်းနေသော ကက်ဆီနီအာကာသယာဉ်ကို ပန်းချီဆရာက စိတ်ကူးဖြင့်သရုပ်ဖော်ထားပုံ။**

*(ဓာတ်ပုံ-အင်တာနက်)*

**ဝါရှင်တန် အောက်တိုဘာ ၉**

ကက်ဆီနီအာကာသယာဉ်သည် စနေဂြိုဟ်၏ အန်ဆီလာဒက်ချ်ခေါ် လအနီးသို့ အောက်တိုဘာလအတွင်း နှစ်ကြိမ်ချဉ်းကပ်ပျံသန်း၍ လေ့လာမည်ဟု အမေရိကန် အာကာသအေဂျင်စီနာဆာက အောက်တိုဘာ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။အဆိုပါအာကာသယာဉ်သည် အောက်တိုဘာ ၉ ရက်တွင် စနေဂြိုဟ်၏ လမျက်နှာပြင်မှ ၂၅ ကီလို အကွာအဝေးမှ ချဉ်းကပ်ပျံသန်းမည်ဖြစ်သည်။ ထို့အပြင် အောက်တိုဘာ ၃၁ ရက်တွင်လည်း ၁၉၆ ကီလိုမီတာအကွာမှ ဒုတိယအကြိမ် ထပ်မံပျံသန်းမည်ဖြစ်သည်။

ကက်ဆီနီအာကာသယာဉ်သည် အန်ဆီလာဒက်ချ်ခေါ် လပေါ်တွင် ရေပူစမ်းများ ထွက်ရှိနေပုံကို ၂၀၀၅ ခုနှစ်ကတည်းက တွေ့ရှိခဲ့သည်။ ထိုရေပူဂီဇာများမှ တစ်စက္ကန့်လျှင် ဓာတ်ငွေ့နှင့်ဖုန်မှုန့်များ ကီလိုဂရမ် အနည်းငယ်မျှစီထွက်ရှိနေပြီး အဓိကအားဖြင့် ရေနွေးငွေ့နှင့် ရေခဲများကိုတွဲ၍ မှုတ်ထုတ်ပေးနေသည်ဟုဆိုသည်။ ထိုလသည် အလွန်တရာသေးငယ်ပြီး အချင်းအားဖြင့်ကီလိုမီတာ၅၀၀မျှသာရှိသည့်အတွက်လမှရေနွေးငွေ့၊ရေခဲ၊ ဖုန်မှုန့်နှင့် သဲမှုန့်များထွက်ရှိနေခြင်းသည် မည်သည့်စွမ်းအင်ဓာတ်များရရှိနေ၍ ဖြစ်ရသည်ကို သိပ္ပံပညာရှင်များကသိလို၍ စူးစမ်းနေကြသည်။

အန်ဆီလာဒက်ချ်ခေါ် လ၏မျက်နှာပြင်အောက်တွင် ပင်လယ်ကဲ့သို့ရေပြင်ရှိမည်ဟု သိပ္ပံပညာရှင်များကတွက်ဆခဲ့ကြသည်။ ယင်းလပေါ်တွင် ရေတည်ရှိနေသည်ဖြစ်၍ ထိုလပေါ်၌သတ္တဝါများ ရှင်သန်နိုင်ရန် အလားအလာကောင်းနိုင်သည်ဟု သိပ္ပံပညာရှင်များက မှန်းဆထားကြသည်။ စနေဂြိုဟ်ကို လေ့လာသည့် ကက်ဆီနီအာကာသယာဉ်က ထိုဂြိုဟ်၏လအနီးမှဖြတ်၍ ပျံသန်းစဉ် ဓာတ်ပုံနှင့်အချက်အလက်များ စုဆောင်းရယူပြီး ကမ္ဘာမြေပြင်သို့ ပြန်လည်ပေးပို့မည်ဖြစ်သည်။

***အင်တာနက်။***

**ဘာသာပြန် ခင်ချိုဝင်း**




**စနေဂြိုဟ်၏ အရန်ဂြိုဟ်လကိုလေ့လာမည့် ကက်ဆီနီ အာကာသယာဉ်၏သရုပ်ပြပုံ။** *(ဓာတ်ပုံ-အင်တာနက်)*

# ဒုတိယဝိုလ်ချုပ်မှူးကြီးမောင်အေး ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖာ့ခ်ရူဒင်အာမက် ခေါင်းဆောင်သော အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေး



## သီးသန့်တွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရ အဖွဲ့ အကြံပေး အရာရှိချုပ် ဒေါက်တာဖာ့ခ်ရူဒင်အာမက်တို့ အကြံပေးအရာရှိချုပ်ရုံး ဧည့်ခန်းမဆောင်၌ သီးသန့်တွေ့ဆုံကြစဉ်။

(သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၉

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖာ့ခ်ရူဒင်အာမက် ခေါင်းဆောင်သော အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးရန် အောက်တိုဘာ ၇ ရက် ညနေ ၃ နာရီခွဲတွင် ခေတ္တတည်းခိုသည့်ဟိုတယ်မှ အကြံပေးအရာရှိချုပ်ရုံးသို့ ရောက်ရှိကြသည်။**

နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ မကျင်းပမီ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖာ့ခ်ရူဒင်အာမက်တို့သည် အကြံပေးအရာရှိချုပ်ရုံး ဧည့်ခန်းမဆောင်၌ ခင်မင်ရင်းနှီးစွာ သီးသန့်တွေ့ဆုံမှုပြုကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

## မယ်လမင်းပါဝင်သည့် နို့မှုန့်များ တင်သွင်းခြင်း၊ ပြုပြင်ထုပ်ပိုးဖြန့်ဖြူးရောင်းချခြင်း အခြားစားသောက်ကုန်များတွင် ထည့်သွင်းအသုံးပြုခြင်းတို့အား တားမြစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
အစိုးရအဖွဲ့

**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၄၁/၂၀၀၈**

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်
(၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)

**အများပြည်သူများ စားသုံးရန်မသင့်သော မယ်လမင်းပါဝင်သည့် နို့မှုန့်များကို တင်သွင်းခြင်း၊ ပြုပြင်ထုပ်ပိုး/ဖြန့်ဖြူးရောင်းချခြင်း၊ အခြားစားသောက်ကုန်များတွင် ထည့်သွင်းအသုံးပြုခြင်းတို့အား တားမြစ်ခြင်း**

၁။ တရုတ်နိုင်ငံအပါအဝင် နိုင်ငံအချို့တွင် မယ်လမင်းပါဝင်သည့် မသန့်ရှင်းသောနို့မှုန့်များ သောက်သုံးမှုကြောင့် ကလေးငယ်များ ကျောက်ကပ်တွင် ကျောက်တည်ရောဂါဝေဒနာခံစားကြရပြီး ကလေးငယ်အချို့ သေဆုံးသည်အထိဖြစ်ခဲ့ရကြောင်း သတင်းများရရှိခဲ့သည့်အတွက် မြန်မာနိုင်ငံတွင်လည်း မယ်လမင်းပါဝင်သည့် မသန့်ရှင်းသောနို့မှုန့်နှင့် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ▲


* ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။

* မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ ဆိတ်နို့ အသုံးဝင်။

* အစဉ်ကျိုချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။